မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကၥ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၥ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၃၅)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ တနင်္လာနေ့

ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ




နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ ယာယီပန်းတာပြုလုပ်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine (ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင် ပါလာသောနုန်းမြေ (sediment)များ စုပုံလာစေရန် ပြုလုပ်သည့်လုပ်ငန်း) ချထားခြင်း၊ Steel Cable Groyne (သံမဏိကြိုးအသုံးပြု **စာမျက်နှာ ၁၇ ကော်လံ ၁ ➢**



အားကောင်းသော လေဖိအားနည်းရုပ်ဝန်းအခြေအနေ

နေပြည်တော် ဩဂုတ် ၃၀

ယနေ့ည‌နေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရုပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရုပ်ဝန်း **စာမျက်နှာ ၁၂ ကော်လံ ၄ ⇨**

မန္တလေး-နေပြည်တော် ရထားလမ်းပိုင်းရှိ တံတားအမှတ်(၆၉၁) စမုံတံတားသစ်တည်ဆောက်နေမှု ၆၅ ရာခိုင်နှုန်းပြီးစီး

နေပြည်တော် ဩဂုတ် ၃၀

မန္တလေး-နေပြည်တော်ရထားလမ်းပိုင်းရှိ စမုံဘူတာနှင့် သဲတောဘူတာကြားရှိ တံတားအမှတ် (၆၉၁) စမုံချောင်းတံတားသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပျက်စီးခဲ့သဖြင့် အရှည် ၃၆၄ ဒသမ ၁၇ ပေရှိ ကြိုတင်အားဖြည့်သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီး လာမည့်နှစ်မတ်လကုန်တွင် တံတားနှင့် ချဉ်းကပ်ရထားလမ်းများအားလုံးပြီးစီးကာ အစုန်၊ အဆန် ရထားများပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ➜

ယနေ့ မြဝတီ ဖတ်စရာ

စမတ်ဂရစ် (Smart Grid) ရင်ခုန်သံနှင့် မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍ၏ ခြေလှမ်းသစ်များ ဆောင်းပါး စာ - ၁၃ သို့

ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်သို့ ရွှေပြည်သာမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသွားရောက်လေ့လာ စာ - ၁၆ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃၁ ရက်)

သဘာဝဘေးအန္တရာယ် တက်ညီလက်ညီစုပေါင်းကာကွယ်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတိုင်းတွင် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော ရာသီဥတုဖောက်ပြန်မှုနှင့်ပြင်းထန်သည့်မိုးလေဝသဖြစ်စဉ်များကို ကြုံတွေ့လာကြရသည်။ အပူချိန်မြင့်မားလာခြင်း၊ မိုးရွာသွန်းမှုများပုံမှန်မဟုတ်ခြင်း၊ မိုးခေါင်ခြင်း၊ ယခင်ကထက် ပိုမိုပြင်းထန်သော မုန်တိုင်းများတိုက်ခတ်ခြင်း၊ အကြိမ်ရေပိုမိုများပြားလာခြင်း စသည်ဖြင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို အမြဲသတိရှိရှိစောင့်ကြည့်နေထိုင်ကြရမည်ဖြစ်သည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း မိုးလေဝသသတင်းများကို ကြိုတင်ထုတ်ပြန်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ အကြားနေရာ၌ ဧရာဝတီမြစ်မှခွဲထွက်လာသော တိုးမြစ်၏ရေတိုက်စားမှုကြောင့် ဩဂုတ်လ ၂၅ ရက်နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ခဲ့သည်။ ထိုသို့ဖြစ်ပွားလျှင်ဖြစ်ပွားချင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်ဖြင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အဆိုပါရေတိုက်စားမှုဖြစ်ပေါ်ခဲ့ရာနေရာသို့ ဩဂုတ်လ ၂၉ ရက်နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များလမ်းညွှန်မှာကြားရာတွင် **“လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံကြုံတွေ့ရလျက်ရှိပြီး လတ်တလောဖြစ်ပေါ်ခဲ့သည့် နိုပေါနိုင်ငံတွင်ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကိုသင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု(Climate Change)၏အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကိုထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်အကျိုးအတွက် စီမံတွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပွားခဲ့မှုအပေါ် ယာယီကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏အရှေ့ဘက်ဆင်ခြေလျှောတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

လာမည့်နှစ်များအတွင်း ယခုကဲ့သို့ တာပေါင်များရေတိုက်စားမှုဖြစ်စဉ်များနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များလျော့ကျစေရေးအတွက် မြစ်ကြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ရေစီးရေလာမှုနှင့်ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များအား စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့်ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုများကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများ ဆောင်ရွက်နိုင်သည်။ ရေစီးဆင်းရာလမ်းကြောင်းအတိုင်း စီးဆင်းနိုင်မှုမရှိခြင်းကြောင့်သာ ရေများအထက်မှအောက်သို့မစီးဆင်းနိုင်ဘဲ ဘေးဘက်နေရာများသို့ တိုက်စားစီးဆင်းနေခြင်းဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြစ်ချောင်းများ၏ရေစီးရေလာအခြေအနေများအား အမြဲမပြတ်လေ့လာဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိမြစ်ချောင်းများတစ်လျှောက် သောင်တူးဖော်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုများကို များစွာလျော့ပါးစေနိုင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် သဘာဝဘေးအန္တရာယ်မှန်သမျှကို အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ လက်တွဲညီညီဖြင့် ကြိုတင်ကာကွယ်ခြင်းဖြင့် ကျော်လွှားကြရန်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ ၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၂၆(တနလာ်နေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၅၀ ဓမ္မပူဇာတေး
၃။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၆။ ၀၈:၄၅ သီချင်းလက်ဆောင်
၇။ ၀၉:၂၅ တစ်ချိန်ကသူတို့အကြောင်း
၈။ ၀၉:၄၅ တွေးမယ်ဖြေမယ်
၉။ ၁၀:၁၅ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၀။ ၁၁:၁၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၁၁။ ၁၁:၅၅ မြန်မာ့လက်သံ
၁၂။ ၁၂:၁၅ လေးစားအတုယူစံနမူနာရဲကောင်းများ
၁၃။ ၁၃:၃၀ မြန်မာသံစဉ်ချိုနားဝင်
၁၄။ ၁၄:၁၀ နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ
၁၅။ ၁၅:၃၀ ပန်းပေါင်းစုံစွာအနုပညာ
၁၆။ ၁၆:၅၃ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၇။ ၁၈:၄၀ ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေး
၁၈။ ၁၉:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၂၅)**
၁၉။ ည ၈ နာရီ သတင်းအပြီး နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
၂၂။ တရားတော်

မြဝတီ ခေတ်စဉ် The Myawady Daily

Online Newspaper

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နုင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးရဲစိုးအောင်

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ဒေသတွင်းစားသုံးဆီဖူလုံစေရေး စိုက်ပျိုးခဲ့သော မိုးနှမ်းက ၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ငဖဲ သြဂုတ် ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ မိုးနှမ်း ဧက ၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငဖဲမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် နှမ်းနက်(စမုန်) ၅၁၇၇ ဧက၊ ဆင်းရတနာ(၃) ၃၄၂၂ ဧကနှင့် သိပ်ပွနှမ်းနက် ဧက ၄၃၀၀ စိုက်ပျိုးခဲ့ပြီး ယင်းတို့အနက်မှ ဧက ၂၁၅၀ ကို ပန်းတိုင်အထွက်နှုန်းရရှိရေး လျာထားကြောင်း သိရသည်။

ဒေသခံတောင်သူများသည် ဆီထွက်သီးနှံနှမ်းစိုက်ပျိုးရာတွင် နှမ်းနက်(စမုန်)နှင့် သိပ်ပွနှမ်းနက်တို့ကို အများဆုံး စိုက်ပျိုးကြပြီး အဆိုပါနှမ်းခင်းများကို ဇူလိုင်လက စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၁၀၀၁၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။ ထိုသို့ရိတ်သိမ်းပြီးစီးခဲ့သည့် နှမ်းနက်(စမုန်) ဧက ၄၀၀၀ မှ ၃၇၄၈၃ တင်း၊ ဆင်းရတနာ(၃) ၂၆၇၁ ဧကမှ ၂၃၁၈၈ တင်း၊ သိပ်ပွနှမ်းနက် ၃၃၄၈ ဧကမှ



၃၀၈၈၂ တင်း ထွက်ရှိသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် တစ်ဧကအထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ခိုင်မာသော မျိုးကောင်းမျိုးသန့်နှမ်းမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ သွင်းအားစုနှင့်ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ရိတ်သိမ်းခြွေလှေ့ရာတွင် လေလွင့်ဆုံးရှုံးမှု မဖြစ်စေရန် စနစ်တကျရိတ်သိမ်းခြွေလှေ့ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**

ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် ၆၀၀၀၀ ကျော်တင်ပို့

ရန်ကုန် သြဂုတ် ၃၀

ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခု ဘဏ္ဍာရေးနှစ် လေးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် ၆၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘဏ္ဍာရေးနှစ် ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်ကနေ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာကာလအတွင်း ပြည်ပကို ငါးမက်ထရစ်တန် ၆၆၆၃၆ ဒသမ ၀၄၆ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၅၇၉ သန်း ရရှိခဲ့ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုဘဏ္ဍာရေးနှစ် ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၄၃၃၆၅ ဒသမ ၇၂၃ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၆၉၂ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၂၃၂၇၀ ဒသမ၃၂၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၈၇ သန်းရရှိသည့်အတွက် စုစုပေါင်းငါးမက်ထရစ်တန် ၆၆၆၃၆ ဒသမ ၀၄၆ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၅၇၉ သန်းရရှိခဲ့သည်။

ပြည်တွင်းမှ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ ဘဏ္ဍာရေးနှစ်အလိုက် ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့် အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။ **စောယု**

၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ပေါင်းတည် သြဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကြီးမှူးပြီး ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာခန်းမ၌ ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့) နှင့် နိုင်ငံတော်ဘာသာနေ့အထိမ်းအမှတ်အဖြစ် ယနေ့ နေ့လယ်ပိုင်းတွင် ၃၈ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး ကြို့ပင်ကောက်မြို့ ဇေယျမင်္ဂလာကျွန်းတောကျောင်းဆရာတော်က သြဝါဒကထာချီးမြှင့်တော်မူသည်။

ထို့နောက် အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)(ဗဟို) ကကြီးမှူးကျင်းပခဲ့သော (၇၆)ကြိမ်မြောက် မဟာဗုဒ္ဓဝင်နှင့် ၃၈ ဖြာမင်္ဂလာစာမေးပွဲ အောင်မြင်သူကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ အသီးသီး



ချီးမြှင့်ပေးအပ်ကြပြီး ပေါင်းတည်မြို့နယ် ဘိုးဘွားရိပ်သာကိုလည်း အလှူငွေများ လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။ **(၄၁၀)**

အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) ၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ



မော်လမြိုင် သြဂုတ် ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ အကအလှများဖြင့် အလှည့်ကျဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းအုပ်ဆရာကြီးက မောင်မယ်သစ်လွင်ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပညာသင်နှစ်အတွင်း ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြပြီး သင်ကြားရေးတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် မောင်မယ်သစ်လွင်ကြိုဆိုပွဲဖြစ်မြောက်ရေးနှင့် ကျောင်းဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပါဝင်လှူဒါန်းပေးကြသည့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



ယမန်နေ့မှအဆက်

မောင်ထွန်းမြတ်လည်း နာရီဝက်ခန့် ဆက်လက်၍ စာဖတ်နေရာမှ စာအုပ်ကိုစားပွဲပေါ်သို့ ပစ်ချလိုက်ပြီး လျှင် ထိုင်ရာမှထ၍ ခြေလက်ကို ဆန့်တန်းလျက် အညောင်းဖြေပြီးနောက် အခန်းပေါက်အနီး ခြေသုတ် ဖုံပေါ်တွင်ရပ်လျက် အပြင်သို့လှမ်းကြည့်ရာ "အမယ် နှင်းတွေတယ်ကျနေပါကလား၊ လကလည်း မထွက် သေးဘူး၊ မှောင်ကလည်း မိုက်လိုက်တာ" ဟုပြောဆဲ တွင် လူတစ်ယောက်သည် မိမိအနီးသို့ ရုတ်တရက် လာရပ်၍ "ဝင်ပါရစေဗျာ၊ ခင်ဗျားတစ်ယောက်တည်း မဟုတ်လား" ဟု ပြောလျှင် မောင်ထွန်းမြတ်သည် အသံကိုကြားဖူးသည်အောက်မေ့၍ နောက်သို့ဆုတ် ပြီးလျှင် မီးရောင်တွင်ကြည့်ရာ မောင်ဘချိုလည်း အခန်းတွင်းသို့ ဝင်၍လိုက်လာလေ၏။

အိမ်တွင်းသို့ရောက်လျှင် မောင်ဘချိုက "အပေါက် တွေပိတ်ပါဗျာ၊ မြန်မြန်ပိတ်ပါ၊ လူတစ်ယောက် ကျွန် တော့်နောက်က လိုက်လာတယ်မှတ်တယ်" ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း အခန်းပြတင်းပေါက် တို့ကို လျင်မြန်စွာပိတ်လေလျှင် မောင်ဘချိုသည် ကုလားထိုင်ပေါ်တွင် အညောင်းဖြေလျက် နှင်းရွဲ သောအဝတ်အစားတို့ကို ချွတ်၍နေလေ၏။ မောင် ထွန်းမြတ်လည်း တံခါးတို့ကို လုံခြုံစွာပိတ်ပြီးလျှင် "လာပြန်ပြီလားဗျ မောင်ဘချို"

"လာပြန်ပြီဗျာ၊ ဒီအကောင်ကြောင့် ကျွန်တော် ဒုက္ခရောက်လိုက်တာ"

"ဘယ်အကောင်လဲ" ဟုမေးလျှင် မောင်ဘချို လည်း အနည်းငယ်ဆိုင်းငံ့၍ "သက်ညွှန့်ဆိုတဲ့ အကောင်ပေါ့" ဟုပြောရာ-

မောင်ထွန်းမြတ်လည်း မျက်နှာပျက်၍ "ငါတစ်ခု ပြောမယ်ကွယ် မောင်ဘချို..."

"ဘာလဲဗျာ"

"ငါ့ကို ဒီအကောင်အကြောင်း နောက်ထပ်ပြီး မပြောပါနဲ့တော့ကွယ်၊ ငါမကြားချင်ဘူး" ဟုပြောလျှင် မောင်ဘချိုလည်း မျက်နှာငယ်နှင့် "နို့ ကျွန်တော့် ဒီလိုပဲပစ်ထားတော့မလားဗျာ ဒီအမှုကို ခင်ဗျား လုပ်မပေးရင် ကျွန်တော့် ဘယ်သူလုပ်ပေးမယ့်သူရှိ သေးသလဲ"

"ဒီအမှုက ရှေ့နေအလုပ်လည်း တယ်မဟုတ်ပါ ဘူးကွယ်၊ စုံထောက်နဲ့မှ သာပြီးနေရာကျပါတယ်၊ စုံထောက်ကောင်းတဲ့လူတစ်ယောက်လက် ငါအပ် ပေးပါ့မယ်"

"တော်ပြီ ကိုထွန်းမြတ် ခင်ဗျားစုံထောက်ကို ကျွန်တော်မယုံနိုင်ဘူး၊ မတော်များ..."

"ငါနားလည်ပါတယ်ကွယ်၊ မယုံရမယ့်လူ ငါ အလကားအပ်ပါ့မလား"

"ခင်ဗျားတော့ ဘာပြုလို့လဲဗျာ"

"ငါလား ဒီအကောင့်အမှု လိုက်ချင်မှာထားလို့ သူ မျက်နှာလည်း ငါမကြည့်ချင်ဘူး၊ သူ့လည်း ငါညှပ်နဲ့ တောင် မကိုင်ချင်ဘူး"

"ဒါဖြင့် ကျွန်တော်တော့ ခက်တာပဲ၊ တစ်သက်လုံး ဒီလိုပဲနေရုံပေါက်ပါပြီ"

"ဒီလိုလည်း အားမလျှော့ပါနဲ့ကွယ်၊ ငါလည်း တတ်နိုင်သလောက်..." ဟုပြောဆဲတွင် အခန်းတံခါး ကို တစ်စုံတစ်ခုဖြင့် ပြင်းထန်စွာခေါက်ဘိသကဲ့သို့ တစ်အိမ်လုံးဆူလျက်ရှိသော အသံကိုကြားလေလျှင် မောင်ဘချိုလည်း ထိုင်ရာမှခုန်ထ၍ ချွတ်ထားသော အင်္ကျီကို ပျာယီးပျာယာနှင့် ပြောင်းပြန်ဝတ်ပြီးလျှင် မျက်လုံးပြူးပြူး၊ မျက်ဆန်ပြူးပြူးနှင့် တောင်မြောက် လေးပါးတို့ကိုကြည့်ရာ ပုန်းအောင်းရန်နေရာမတွေ့နိုင် သဖြင့် စားပွဲခုံတစ်ခုအောက်သို့ ဝင်မည်အပြုတွင် မောင်ထွန်းမြတ်က ပခုံးကိုကိုင်၍ "ဒီလောက် မကြောက်ပါနဲ့ကွဲ့ မောင်ဘချို ငါရှိပါတယ်၊ မင်း ဘာမှမဖြစ်ရပါဘူး" ဟု စိတ်အေးအောင်ပြောလျှင် "ကျွန်တော့်နောက်က နောက်ယောင်ခံပြီးလိုက်လာ တဲ့ ပုလိပ်သားမှတ်တယ်ဗျ၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ" ဟု တစ်ကိုယ်လုံးတုန်လျက်ပြောလျှင်-

"မဟုတ်ပါဘူးကွဲ့ အိမ်တွင်းဘက်ကပါ အစ်မကြီး ပါကွဲ့၊ အသာထိုင်နေပါ"

"ဟုတ်လား သူဝင်လာဦးမှာလား၊ မဝင်အောင် မတတ်နိုင်ဘူးလားဗျာ"

"ဒါတော့ ငါမတတ်နိုင်ဘူးကွဲ့၊ သူဝင်ချင်ရင်လည်း ဝင်ရမှာအေးမှာ၊ သူ့သဘော မင်းအသိသားမဟုတ် လား၊ အစ်မကြီးမြင်လို့ ကိစ္စမရှိပါဘူးကွယ်"

ဤသို့ပြောနေကြစဉ် အခန်းအပြင်မှ မျက်မံပုံ လည်း ရပ်နားခြင်းမရှိဘဲ တစ်အိမ်လုံးဆူညံလျက်ရှိ အောင် အခန်းတံခါးကို မျှဉ်းလုံးဖြင့် ဆောင့်လျက် နေရာ မောင်ထွန်းမြတ်လည်း အစ်မကြီးသဘောကို သိ၍ အခန်းအတွင်းမှနေ၍ပြောလျှင် အချည်းနှီးပင် ရှိမည်ဟု အခန်းတံခါးကို လျင်မြန်စွာဖွင့်၍ အခန်းပြင် သို့ ရုတ်တရက်ထွက်ပြီးလျှင် အခန်းကိုပြန်ပိတ်လိုက် ရာ မျက်မံပုံလည်း စိတ်ဆိုးသောမျက်နှာထားနှင့် ရပ်လျက်နေသည်ကို တွေ့ရလေ၏။

မျက်မံပုံမှာ အိပ်ခန်းသို့တက်သွား၍ ချမ်းအေးလှ သည်နှင့် ဖလန်နယ်အင်တိတစ်ခုကို ခေါင်းတွင်ပတ် လျက် အိပ်မည်ကြံရာ နာစေး၍ အသက်ကောင်းစွာ မရှူရှိုက်နိုင်သဖြင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲရှိ သည့်အခိုက် မောင်ထွန်းမြတ်နှင့် မောင်ဘချိုတို့ စကားပြောနေကြသောအခန်းသည် မိမိအခန်းနှင့် အထက်အောက်ဖြစ်နေသဖြင့် မျက်မံပုံလည်း နားပါး သည်နှင့် စကားပြောသံကြားသည်အောက်မေ့၍ မိန့်စ် ကိုခေါ်ပြီးလျှင် "ဟဲ့ မိန့်စ် အောက်မှာ နင့်ကိုကို ဘယ်သူ နဲ့ စကားပြောနေသလဲ သွားကြည့်စမ်း" ဟု ခိုင်းလိုက် လေ၏။ မိန့်စ်လည်း ပြန်လာ၍ "ဘယ်သူနဲ့လဲမသိဘူး အစ်မကြီးရဲ့ စကားပြောနေတာတော့အမှန်ပဲ တံခါး လည်း ပိတ်ထားတယ်" ဟုပြောလျှင် မျက်မံပုံမှာလည်း သိချင်တတ်သောသဘောရှိသဖြင့် အိပ်ရာမှထ၍ အိမ် အောက်သို့ဆင်းသွားလေ၏။ မောင်ထွန်းမြတ်လည်း "ဒါတော့ ငါမတတ်နိုင်ဘူးကွဲ့၊ သူဝင်ချင်ရင်လည်း ဝင်ရမှာအေးမှာ၊ သူ့သဘော မင်းအသိသားမဟုတ် လား၊ အစ်မကြီးမြင်လို့ ကိစ္စမရှိပါဘူးကွယ်"

ဤသို့ပြောနေကြစဉ် အခန်းအပြင်မှ မျက်မံပုံ လည်း ရပ်နားခြင်းမရှိဘဲ တစ်အိမ်လုံးဆူညံလျက်ရှိ အောင် အခန်းတံခါးကို မျှဉ်းလုံးဖြင့် ဆောင့်လျက် နေရာ မောင်ထွန်းမြတ်လည်း အစ်မကြီးသဘောကို သိ၍ အခန်းအတွင်းမှနေ၍ပြောလျှင် အချည်းနှီးပင် ရှိမည်ဟု အခန်းတံခါးကို လျင်မြန်စွာဖွင့်၍ အခန်းပြင် သို့ ရုတ်တရက်ထွက်ပြီးလျှင် အခန်းကိုပြန်ပိတ်လိုက် ရာ မျက်မံပုံလည်း စိတ်ဆိုးသောမျက်နှာထားနှင့် ရပ်လျက်နေသည်ကို တွေ့ရလေ၏။

မျက်မံပုံမှာ အိပ်ခန်းသို့တက်သွား၍ ချမ်းအေးလှ သည်နှင့် ဖလန်နယ်အင်တိတစ်ခုကို ခေါင်းတွင်ပတ် လျက် အိပ်မည်ကြံရာ နာစေး၍ အသက်ကောင်းစွာ မရှူရှိုက်နိုင်သဖြင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲရှိ သည့်အခိုက် မောင်ထွန်းမြတ်နှင့် မောင်ဘချိုတို့ စကားပြောနေကြသောအခန်းသည် မိမိအခန်းနှင့် အထက်အောက်ဖြစ်နေသဖြင့် မျက်မံပုံလည်း နားပါး သည်နှင့် စကားပြောသံကြားသည်အောက်မေ့၍ မိန့်စ် ကိုခေါ်ပြီးလျှင် "ဟဲ့ မိန့်စ် အောက်မှာ နင့်ကိုကို ဘယ်သူ နဲ့ စကားပြောနေသလဲ သွားကြည့်စမ်း" ဟု ခိုင်းလိုက် လေ၏။ မိန့်စ်လည်း ပြန်လာ၍ "ဘယ်သူနဲ့လဲမသိဘူး အစ်မကြီးရဲ့ စကားပြောနေတာတော့အမှန်ပဲ တံခါး လည်း ပိတ်ထားတယ်" ဟုပြောလျှင် မျက်မံပုံမှာလည်း သိချင်တတ်သောသဘောရှိသဖြင့် အိပ်ရာမှထ၍ အိမ် အောက်သို့ဆင်းသွားလေ၏။ မောင်ထွန်းမြတ်လည်း အခန်းတွင်းမှ ထွက်လာလေလျှင် အစ်မကြီးမျက်မံပုံ မှာ ဖလန်နယ်အင်တိနှင့် ဦးခေါင်းကိုပတ်ထားရာ ခေါင်းပေါ်တွင် အချွန်ကြီးထွက်လျက် ကတော့ကြီးကို ဆောင်း၍ထားသည်နှင့် တူလှသည်ဖြစ်၍ အစ်မကြီး စိတ်ဆိုးနေသည်ကို သတိမရနိုင်ဘဲ ပြုံး၍

"ဘာကိစ္စလဲ အစ်မကြီး"

"ဘာ ဘာကိစ္စလဲ၊ ဟိုအခန်းထဲက ဘယ်သူလဲပြော စမ်း" ဟု ငေါက်၍မေးလျှင် မောင်ထွန်းမြတ်လည်း မျက်နှာထားပြင်၍ "ဘယ်သူဖြစ်ဖြစ် အစ်မကြီးရယ် ကျွန်တော်နဲ့ ကိစ္စရှိလို့ပါ၊ အစ်မကြီးနေမကောင်းဘူး ဆို စောစောစီးစီးအိပ်ပါတော့လား"

"ဘာပြုလို့ ငါအိပ်ရမလဲ၊ ဟိုအထဲက ဘယ်က ကောင်မတုံးပြောစမ်း၊ ငါ တံခါးခေါက်နေတာကြာ လှပြီ၊ ဒါတောင်မကြားနိုင်ကြဘူး၊ ဘာများစကား ကောင်းနေကြသလဲ၊ ဖယ်ပါ ငါဝင်ကြည့်ပါမယ်" ဟု ပြောလျှင် မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်ထွက် သွားပြီးသည့်နောက် ဤမျှလောက်မရယ်မောဖူးဘဲ ပြင်းစွာရယ်မောလျှက် "အစ်မကြီးက ဘယ်သူမှတ်လို့လဲ အစ်မကြီးရဲ့"

"ဘယ်သူမှတ်မှတ် ငါဝင်ကြည့်မယ်၊ ဆုတ်စမ်းပါ"

"ဒါတော့ အစ်မကြီးသဘောပေါ့၊ သို့သော် အစ်မ ကြီး တစ်ခုတော့သတိပေးလိုက်မယ်၊ အခန်းထဲဝင် ကြည့်ရင် ရယ်စရာမတွေ့ရဘူး၊ ငိုစရာတွေ့ရလိမ့် မယ်၊ အခန်းထဲမှာ အစ်မကြီးမောင် မောင်ဘချိုပေါ့" ဟုပြော၍ မျက်မံပုံလည်း အခန်းတွင်းသို့ဝင်မည်ပြု ရာ "နေဦးလေ အစ်မကြီး ခေါင်းကဟာကြီးနဲ့ ဒီလိုပဲ ဝင်တော့မလား" **ဆက်လက်ဖော်ပြပါမည်။**

နောင်တရားမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

နောင်တရား သြဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ ကျေးလက်ကျန်းမာရေးဌာနမှ အာဟာရပြည့်ဝမျှတစွာ စားသုံးခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများစားသုံးသည့် အလေ့အထ ကောင်းများရရှိစေရေးအတွက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို သြဂုတ်လ ၃၀ ရက်တွင် အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ ကျင်းပသည်။

ရှေးဦးစွာ နောင်တရားမြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာဆုယဉ်ကြာက မိခင်နှင့်ကလေးများအပါအဝင်ပြည်သူများ အနေဖြင့် အာဟာရပြည့်ဝသောအစားအစာများစားသုံးတတ်စေရန်၊ ကလေးငယ်များ၏ ကျန်းမာကြီးထွားဖွံ့ဖြိုးရေး



အတွက် အာဟာရပြည့်ဝသောအစားအစာကျွေးမွေးပေးရန် အသိပညာပေးဟောပြောပြီး ကျေးလက်ကျန်းမာရေးမှူးဦးနေမျိုးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မိခင်နှင့်ကလေးငယ်များကို ဗီတာမင်နှင့် သန်ချဆေးတိုက်ကျွေးပေးသည်။ ယင်းနောက် ပျော်ပွဲရွှင်ပွဲများနှင့် ပြိုင်ပွဲများကျင်းပကာ ကလေးငယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

နောင်တရား(ပြန်/ဆက်)

တောင်သူများအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာစုပေါင်းဖြန့်ဖြူးရောင်းချ

မြစ်သား သြဂုတ် ၃၀

တောင်သူများ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏စဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ဓာတ်မြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့်ပေါင်းစပ်ညှိနှိုင်းပြီး သြဂုတ်လ ၂၉ ရက်က သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာစုပေါင်းဖြန့်ဖြူးရောင်းချပွဲကို ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနခွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစံအောင်နှင့် တာဝန်ရှိသူများသည် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်လာစေရန်၊ သွင်းအားစုဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာ အသုံးပြုနိုင်စေရန် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၇ အုပ်စုမှ တောင်သူ ၂၆၃ ဦးထံ ယူရီးယား ဓာတ်မြေဩဇာအိတ် ၁၀၀၀ နှင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၁၀၀၀ တို့ကို သီးနှံပေါ်ပေးစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးသည်။

အဆိုပါ ဓာတ်မြေဩဇာစုပေါင်းဖြန့်ဖြူးရောင်းချပွဲသို့ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစံအောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မာ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒီဝင်း၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးချစ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေလျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေအများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့သို့တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏မေးမြန်းမှုများအပေါ် ဖြေကြားချက်မှကောက်နုတ်ချက်)



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ၃၁ရက်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရတနာစတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ် မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မာရဝိဇယကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဏဂုံတော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်တွင် ပက်ဖျန်း၊ ကြဲဖြန့်၊ ချည်နှောင်၊ တားဆီးကာရံကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရတနာစတီးမဏ္ဍိုင်တော်ပုံတော်ကို ဆက်ကပ်လှူဒါန်း၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ဩဝါဒါစရိယ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘန္ဒန္တဝိစက္ခဏ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် ဥပါသကာများဦးဆောင်ပြီး ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော် အစိတ်အပိုင်းများကို လိုဏ်တော်အတွင်း၌ လက်ယာရစ်လှည့်လည်ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ငြမ်းထက်သို့ပင့်ဆောင်ကြကာ အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြား၍ မင်္ဂလာအချိန်တွင် ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော်ကို စိုက်ထူပူဇော်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဘောဇနသာလဆွမ်းစားဆောင်၌ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **မြဝတီ**

အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်ဆေးကြောနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအာမခံအလုပ်သမားလူနာများ ငွေကြေးစိုက်ထုတ်ကုန်ကျမှုမရှိဘဲ ပိုမိုလွယ်ကူအဆင်ပြေစေရန် လှိုင်သာယာမြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် နာတာရှည်ကျောက်ကပ်ရောဂါ ခံစားနေရသော အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုဆောင်ရွက်နိုင်ရေး ကျောက်ကပ်သွေးသန့်စင်စက် (၃)လုံး တပ်ဆင်နိုင်ရေးနှင့် ရေသန့်စက်များတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့စီစဉ်ဆောင်ရွက်နေမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အာမခံအလုပ်ဃာများများ၏ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန်အလုပ်ဃာမားဆေးရုံကြီးများ၊လူမှုဖူလုံရေးဆေးခန်းများ၊ ဌာနကြီးဆေးခန်း၊ စာချုပ်ဆေးခန်းများဖြင့် ဆေးကုသမှုဝန်ဆောင်မှုများအပြင် နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုများကို အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်စက်(၄)လုံးဖြင့် တစ်လပျမ်းမျှ လူနာဦးရေ ၁၂၆ ဦးကို အကြိမ် ၁၃၀ ကျောက်ကပ်သွေးသန့်စင်ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားဆေးရုံကြီး(မန္တလေး) တွင်လည်း တစ်လပျမ်းမျှလူနာ ၁၄ ဦးကို ၁၀၁ ကြိမ် ကျောက်ကပ်သွေးသန့်စင်ဆောင်ရွက်ပေးလျက်ရှိသည်။



အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံစနစ်များကိုစဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဓိကလုပ်ငန်းစဉ်အနေဖြင့် အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး လူမှုဖူလုံရေးစီမံကိန်းအရ အကျိုးဝင်အာမခံအလုပ်သမားများအား ဆေးကုသပေးသည့်ဝန်ဆောင်မှုကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

၂၀၂၆ ခုနှစ် လူငယ်ရေးရာဝန်ကြီးဌာနနှင့် Maple Win NayPyiTaw အထည်ချုပ်စက်ရုံရှိဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုး

နေပြည်တော် ၃၁ရက်

လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို Maple Win NayPyiTaw Co.,Ltd. နှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ်ရှိ Maple Win NayPyiTaw အထည်ချုပ်စက်ရုံဝင်းရှေ့၌ ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ရတနာတန်းဝင်ကျွန်းပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးဦးစစ်နိုင်၊ အရာထမ်း၊ အမှုထမ်းများ၊ Maple Win NayPyiTaw Co.,Ltd. မန်နေဂျာနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ကျွန်းပျိုးပင်ပေါင်း ၂၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **မြဝတီ**

Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့်လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်


ယမန်နေ့မှအဆက်

ဝန်ခံကတိပြုချက်များကိုဖတ်ရှုပြီး လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အမှတ်အသားကွက်(Checkbox) တွင် အမှန်ခြစ်ပေး၍ နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။



ပုံ(၂၃) မီတာလျှောက်ထားရာတွင် ဝန်ခံကတိပြုရမည့်အချက်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ရာတွင် ကောက်ခံမည့် သတ်မှတ်နှုန်းထားမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။ ထို့နောက် **"သိမ်းဆည်း၍ ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပြီး နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရပါမည်။



ပုံ(၂၄) မီတာကောက်ခံမည့် သတ်မှတ်နှုန်းထား

လျှောက်ထားသူ၏ အချက်အလက်များကို အောက်ပါအတိုင်း စနစ်တကျဖြည့်သွင်းရမည်ဖြစ်ပါသည် –

(၁) လျှောက်လွှာခေါင်းစဉ်များတွင် **အနီရောင်ကြယ်အမှတ်အသား (*)**ပါရှိသည့်နေရာများကို မဖြစ်မနေ (Mandatory) ပြည့်စုံစွာဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၂) နေရပ်လိပ်စာဖြည့်သွင်းရာတွင် **"မြို့နယ်"** ကို ဦးစွာရွေးချယ်ပေးရမည်ဖြစ်ပါသည်။

(၃) မြို့နယ်ကိုရွေးချယ်ပြီးပါက ယင်းမြို့နယ်နှင့် သက်ဆိုင်သည့် **"ခရိုင်"နှင့် "တိုင်းဒေသကြီး/ပြည်နယ်"**အချက်အလက်များ စနစ်အတွင်း အလိုအလျောက်ပေါ်လာသည်အထိ ခေတ္တစောင့်ဆိုင်းပေးရမည်ဖြစ်ပါသည်။

(၄) အချက်အလက်များအားလုံးပေါ်လာပြီး မှန်ကန်ပါက **"သိမ်းဆည်း၍ ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပြီး နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။



ပုံ(၂၅) ကိုယ်ရေးအချက်အလက်ဖြည့်သွင်းရန် ဖောင်ပုံစံ

ကိုယ်ရေးအချက်အလက်များဖြည့်စွက်ပြီးပါက ဆက်လက်၍ လျှောက်ထားသူ၏ **နိုင်ငံသားစိစစ်ရေးကတ်ပြား(မှတ်ပုံတင်)၏ကာလာဓာတ်ပုံ**ကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ မှတ်ပုံတင်ဓာတ်ပုံတင်သွင်းရာတွင် အောက်ပါအတိုင်းခွဲခြား၍ စနစ်တကျ Upload တင်ပေးရမည်ဖြစ်ပါသည်–

(၁) သတ်မှတ်ထားသောနေရာတွင် မိမိမှတ်ပုံတင်၏ **အရှေ့ဘက်မျက်နှာပြင်**ဓာတ်ပုံ (သို့မဟုတ်) စကင်ဖတ်ထားသောဖိုင်ကို တင်သွင်းပါ။

(၂) သတ်မှတ်ထားသောနေရာတွင် မိမိမှတ်ပုံတင်၏ **အနောက်ဘက်မျက်နှာပြင်**ဓာတ်ပုံ (သို့မဟုတ်) စကင်ဖတ်ထားသောဖိုင်ကို တင်သွင်းပါ။

အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာ ဖြစ်ရမည်ဖြစ်ပါသည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)**အထိသာ လက်ခံမည်ဖြစ်ပါသည်။

(၃) စုစုပေါင်းဓာတ်ပုံ(၂) ပုံလိုအပ်ပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျရွေးချယ်ပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"**စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။



ပုံ(၂၆) မှတ်ပုံတင်ဖြည့်သွင်းရမည့် form ပုံစံ

မှတ်ပုံတင်ဓာတ်ပုံတင်သွင်းပြီးပါက ဆက်လက်၍ လျှောက်ထားသူ၏အိမ်ထောင်စုစာရင်း (အိမ်ထောင်စုဇယား)ကာလာဓာတ်ပုံကို အောက်ပါအတိုင်း ပူးတွဲတင်သွင်းရမည်ဖြစ်ပါသည်–

(၁) စနစ်အတွင်း အချက်အလက်များ မှန်ကန်မှုကိုစစ်ဆေးနိုင်ရန် မိမိအိမ်ထောင်စုစာရင်း၏**အရှေ့ဘက်မျက်နှာပြင်(မျက်နှာပုံးစာမျက်နှာ)** ကာလာဓာတ်ပုံကို မဖြစ်မနေဖြည့်သွင်းပေးရမည်ဖြစ်ပါသည်။

(၂) အကယ်၍ မိမိအိမ်ထောင်စုစာရင်း၏အနောက်ဘက်ခြမ်းတွင် မည်သည့်စာသား သို့မဟုတ် တံဆိပ်တုံးမှရိုက်နှိပ်ထားခြင်းမရှိပါက (စာမျက်နှာလွတ်ဖြစ်နေပါက)ထည့်သွင်းရန်မလိုပါ။

အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် JPG, JPEG, PNG အမျိုးအစားများသာဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး 5 MB (5 Megabytes max)အထိသာ လက်ခံမည်ဖြစ်ပါသည်။

(၃) စုစုပေါင်း ဓာတ်ပုံ(၂)ပုံအထိသာ အများဆုံးတင်သွင်းခွင့်ရှိပါသည်။

ဓာတ်ပုံများအားလုံးစနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"**စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။



ပုံ(၂၇) အိမ်ထောင်စုစာရင်းဖြည့်သွင်းရမည့်ဖောင်ပုံစံ

ထို့နောက် လျှောက်ထားသူသည် ၎င်းနေရပ်လိပ်စာ၌ အမှန်တကယ်နေထိုင်ကြောင်း၊ မိမိနေထိုင်သည့် အဆောက်အဦသည် ကျူးကျော်အိမ်ရာမဟုတ်ကြောင်း သက်သေပြသည့် **နေထိုင်မှုမှန်ကန်ကြောင်းနှင့် ကျူးကျော်မဟုတ်ကြောင်း ထောက်ခံစာ**မူရင်းကာလာဓာတ်ပုံကို တင်သွင်းပေးရမည်ဖြစ်ပါသည်။

အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)** အထိသာ လက်ခံမည်ဖြစ်ပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"**စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။



ပုံ(၂၈) နေထိုင်မှုမှန်ကန်ကြောင်းနှင့် ကျူးကျော်နေထိုင်မှုမဟုတ်ကြောင်း ထောက်ခံစာဖြည့်သွင်းရန် ဖောင်ပုံစံ

ထို့နောက် လျှောက်ထားသူသည် မိမိနေထိုင်ရာအဆောက်အဦ/မြေနေရာနှင့်ပတ်သက်သည့် တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)ကာလာဓာတ်ပုံများကို သတ်မှတ်ထားသောကွက်လပ်တွင် မိမိ၏ **မြေဂရန် (ဂရန်စာချုပ်)** သို့မဟုတ် တရားဝင်ချုပ်ဆိုထားသော **အရောင်းအဝယ်စာချုပ်**ဓာတ်ပုံများကို စနစ်တကျဖြည့်သွင်းရမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ◆

◆ **စာမျက်နှာ ၆ မှ**

အကယ်၍ ပိုင်ဆိုင်မှု အထောက်အထား စာမျက်နှာသည် တစ်မျက်နှာထက်မက (ဥပမာ – စာချုပ် ရှေ့/နောက် သို့မဟုတ် စာမျက်နှာအများအပြား) ရှိပါက ၎င်းစာရွက်စာတမ်းများအားလုံးကို **သတ်မှတ်ထားသော ကွက်လပ်များအလိုက် ပြည့်စုံစွာ** စုစည်း၍ Upload တင်ပေးရမည်ဖြစ်ပါသည်။


အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)** အထိသာ လက်ခံမည် ဖြစ်ပါသည်။

(၃) အရေအတွက် ကန့်သတ်ချက် မရှိပါ။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရပါမည်။



ပုံ(၂၉) ပိုင်ဆိုင်မှုစာရွက်စာတမ်း ဖြည့်သွင်းရန် ဖောင်ပုံစံ

ပိုင်ဆိုင်မှု စာရွက်စာတမ်းများ တင်ပြီးပါက ဆက်လက်၍ မီတာတပ်ဆင်မည့် အဆောက်အဦနှင့် ပတ်သက်သည့် မြေပြင်ဓာတ်ပုံများကို အောက်ပါအတိုင်း စနစ်တကျ Upload တင်ပေးရမည်ဖြစ်ပါသည် –

(၁) ကြယ်အမှတ်အသား (*) ပြထားသော **အဆောက်အဦ ရှေ့ဘက်ဓာတ်ပုံ ***၊ **အဆောက်အဦ ဝဲဘက်ဓာတ်ပုံ *** (ဘယ်ဘက်ခြမ်း)၊ **အဆောက်အဦ ယာဘက်ဓာတ်ပုံ *** (ညာဘက်ခြမ်း) အတွက် ဓာတ်ပုံများကို မဖြစ်မနေ တင်သွင်းရပါမည်။

(၂) အဆောက်အဦ နောက်ဘက်ဓာတ်ပုံအတွက်မူ ဓာတ်ပုံရှိပါက ထည့်သွင်းနိုင်ပြီးမရှိပါက ကျော်သွားနိုင်ပါသည်။

အထူးသတိပြုရန်

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)** အထိသာ လက်ခံမည် ဖြစ်ပါသည်။

(၃) စုစုပေါင်း ဓာတ်ပုံ **(၄) ပုံအထိသာ** အများဆုံး တင်သွင်းခွင့် ရှိပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျ ထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။



ပုံ(၃၀) အဆောက်အဦဓာတ်ပုံ ဖြည့်သွင်းရန် ဖောင်ပုံစံ

အချက်အလက်များနှင့်ဓာတ်ပုံများ အားလုံးဖြည့်သွင်းပြီးပါက စနစ်၏နောက်ဆုံးစာမျက်နှာပါအချက်အလက် အပြည့်အစုံသို့ ရောက်ရှိမည်ဖြစ်ပါ၍ အောက်ပါအတိုင်း စနစ်တကျစစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပါသည်–

(၁) မိမိဖြည့်သွင်းခဲ့သော အချက်အလက်များနှင့် ပူးတွဲဖိုင်များ အားလုံး မှန်ကန်မှု ရှိ၊ မရှိကို သေချာစွာ စစ်ဆေးကြည့်ရှုပေးပါ။

(၂) ပြင်ဆင်လိုပါက ခေါင်းစဉ်တစ်ခုချင်းစီရှိသော **"ပြင်ဆင်ရန်"** စာသားကို Click နှိပ်လိုက်ပါက အချက်အလက်များကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။

(၃) ဓာတ်ပုံများ မှုန်ဝါးခြင်း ရှိ၊ မရှိ သို့မဟုတ် စာရွက်စာတမ်း ခေါင်းစဉ် လွဲမှားနေခြင်း ရှိ၊ မရှိကို အလွယ်တကူ ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ပါသည်။ အကယ်၍ မှားယွင်းမှုရှိပါက **"ပြင်ဆင်ရန်"** နှိပ်၍ အချက်အလက်များကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။

(၄) အကယ်၍ လိုအပ်သော စာရွက်စာတမ်းများ မစုံလင်သေးပါက လျှောက်လွှာကို လုံးဝမတင်ဘဲ **"မူကြမ်းအဖြစ် သိမ်းမည်"** ခလုတ်ကို နှိပ်၍ သိမ်းဆည်းထားနိုင်ပါသည်။ (နောက်မှ ပြန်လည် ဖြည့်စွက်နိုင်ပါသည်)။

(၅) မဖြစ်မနေ ဖြည့်သွင်းရမည့် အချက်အလက်များနှင့် ပူးတွဲဖိုင်များအားလုံး ပြီးပြည့်စုံစွာ ဖြည့်သွင်းပြီးမှသာ စခရင်ပေါ်တွင် **"လျှောက်လွှာတင်သွင်းမည်"** စာသားကို Click နှိပ်နိုင်မည်ဖြစ်ပါသည်။ အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများ မပြည့်စုံသေးပါက **"လျှောက်လွှာတင်သွင်းမည်"** စာသားကို Click နှိပ်၍ မရနိုင်ဘဲ **"မူကြမ်းအဖြစ် သိမ်းမည်"** စာသားကို Click နှိပ်၍ မူကြမ်းအနေဖြင့်သိမ်းထားနိုင်ပါသည်။

(၆) "လျှောက်လွှာတင်သွင်းမည်" စာသားကို Click နှိပ်လိုက်ပါက မိမိ၏ မီတာလျှောက်လွှာသည် သက်ဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အလိုအလျောက် ပေးပို့ပြီးဖြစ်ပါသဖြင့် ရုံးဘက်မှ စိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Application Status)ကို ဆက်လက်စောင့်ဆိုင်းရမည်ဖြစ်ပါသည်။

(၇) မီတာလျှောက်လွှာပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လျှောက်လွှာလက်ခံပြီးပါက ယာဘက်ထိပ်တွင် လျှောက်ထားသူ၏ လျှောက်လွှာအမှတ်စဉ်အား ဖော်ပြထားမည်ဖြစ်ပါသည်–



ပုံ(၃၁) မီတာလျှောက်လွှာပုံစံ

(၈) လျှောက်လွှာ လက်ခံရရှိကြောင်း အကြောင်းကြားစာကို မိမိ၏ စာတိုက်ပုံး (Inbox) စာမျက်နှာနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည် ဖြစ်ပါသည်။

MOEE Info လျှောက်လွှာ အမှတ်စဉ် MDY0000000015 အား လက်ခံပြီး ဖြစ်ပါသည်။

ပုံ(၃၂) လျှောက်လွှာလက်ခံရရှိကြောင်း SMS – စာတိုပေးပို့မည့်ပုံစံ

(ခ) မြေပြင်ကွင်းဆင်းစစ်ဆေးမည့် အခြေအနေအား အကြောင်းကြားခြင်း

သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အလိုက်လျှောက်ထားသော မီတာလျှောက်လွှာများကို လက်ခံပြီးနောက် သက်ဆိုင်ရာအင်ဂျင်နီယာများမှ မြေပြင်ကွင်းဆင်းစစ်ဆေးမည့်ရက်ကို စာတိုက်ပုံး (Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည်ဖြစ်ပါသည်။ ကွင်းဆင်းစစ်ဆေးသည့်ရက်တွင် လျှောက်လွှာတွင် ပါဝင်သော စာရွက်စာတမ်းမူရင်းများအား အင်ဂျင်နီယာဌာနမှ ကွင်းဆင်းစစ်ဆေးသည့်အချိန်တွင် စစ်ဆေးသွားမည်ဖြစ်ပြီး

MOEE Info လျှောက်လွှာ အမှတ်စဉ် MDY0000000015 ကို 13/08/2026 ရက်တွင် မြေပြင်စစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ပုံ(၃၃) မြေပြင်ကွင်းဆင်းစစ်ဆေးမည့် အခြေအနေအား အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

အထောက်အထား မိတ္တူတစ်စုံကို ကွင်းဆင်းစစ်ဆေးသူအား ပေးရမည်ဖြစ်ပါသည်။

(ဂ) မီတာသတ်မှတ်ကြေး ငွေပေးသွင်းရန်နှင့် ငွေလက်ခံရရှိကြောင်း အကြောင်းကြားခြင်း

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အလိုက် လျှောက်ထားသော မီတာလျှောက်လွှာပါ လိပ်စာအတိုင်း ကွင်းဆင်းစစ်ဆေးပြီးနောက် လျှောက်ထားသူ၏ အကောင့်တွင် ငွေပေးသွင်းရန်အကြောင်းကြားခြင်း စာမျက်နှာပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ငွေပေးသွင်းရန်အတွက် စာတိုက်ပုံး(Inbox)စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည်ဖြစ်ပါသည်။

MOEE Info လျှောက်လွှာ အမှတ်စဉ် MDY0000000015 အတွက် ငွေသွင်းနိုင်ပါပြီ။

ပုံ(၃၄) ငွေသွင်းရန်အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

(ခ) လျှောက်ထားသည့်မီတာအမျိုးအစားအလိုက် ဌာနမှသတ်မှတ်ထားသော မီတာသတ်မှတ်ကြေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသောဘဏ်များမှ ကြိုက်နှစ်သက်ရာဘဏ်ကိုရွေးချယ်ပေးသွင်းနိုင်ရန်အတွက်

(၁) ငွေပေးသွင်းမှု စာမျက်နှာတွင် ဘဏ်ကို Click နှိပ်၍ ရွေးချယ်ရမည်ဖြစ်ပါသည်။

(၂) သက်ဆိုင်ရာဘဏ်၏ Pay Application အားဖွင့်၍ Home Page တွင်ရှိသော Pay Bill ကို Click နှိပ်၍ ဝင်ရောက်ပါ။

(၃) New Meter Registration Payment အတွက် YESC (ရန်ကုန်)၊ MESC (မန္တလေး)နှင့် ESE (နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်)တို့ မြင်ရမည်ဖြစ်ပြီး မိမိပေးသွင်းလိုသည့် မီတာအမျိုးအစားကို ရွေးချယ်၍ အချက်အလက်များကို ဖြည့်စွက်ရမည်ဖြစ်ပါသည်။ Customer ID မှာ လျှောက်လွှာ၏ အပေါ်ဘက်ရှိ System Code အား ဆိုလိုခြင်းဖြစ်ပါသည်။


စာမျက်နှာ ၈ သို့ ◆

◆ **စာမျက်နှာ ၇ မှ**


(၄) ပေးချေရမည့် ငွေပမာဏအား ဖြည့်သွင်းရန် ၊ ပေါ်လာပါက မှန်ကန်မှုရှိမရှိ စစ်ဆေးပါ။ မှန်ကန်ပါက လျှို့ဝှက်နံပါတ်(PIN)ကို ရိုက်ထည့်ပါက ငွေပေးသွင်းမှုလုပ်ငန်းစဉ်အောင်မြင်စွာပြီးဆုံးမည်ဖြစ်ပါသည်။

(၅) ငွေပေးချေမှုအောင်မြင်ကြောင်းပြသသည့် အီလက်ထရောနစ်ပြေစာ(E-Receipt)အား သိမ်းဆည်း၍ Scan မှတ်တမ်းဓာတ်ပုံအား Upload ပူးတွဲထည့်သွင်းရမည်ဖြစ်ပါသည်။

(၆) ထို့နောက် လျှောက်ထားသူအသုံးပြုသော သက်ဆိုင်ရာဘဏ်၏ ငွေသွင်းပြေစာပေါ်ရှိ ဘဏ်၏ ငွေသွင်းပြေစာအမှတ်အား ဖြည့်သွင်းရမည်ဖြစ်ပါသည်။




ပုံ(၃၅)ငွေပေးသွင်းရန်ပုံစံ




ပုံ(၃၆)ကြိုက်နှစ်သက်ရာဘဏ်ကိုရွေးချယ်၍ ငွေပေးသွင်းရန်ပုံစံ

ဌာနနှင့် ဘဏ်တို့မှ ပေးသွင်းပြီးသော ငွေသွင်းပြေစာအမှတ်၊ မိတ်သတ်မှတ်ကြေးတို့ကို တိုက်ဆိုင်စစ်ဆေးပြီးနောက် စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည်ဖြစ်ပါသည်။




ပုံ(၃၇)ငွေပေးသွင်းမှုအား စစ်ဆေးအတည်ပြုမှုအခြေအနေအား အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ



ပုံ(၃၈)ငွေလက်ခံရရှိမှု အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

(ဃ) **Digital Smart မိတာအသစ်တပ်ဆင်ပေးမည့်ရက် အကြောင်းကြားခြင်းနှင့် တပ်ဆင်ပေးခြင်း**

Digital Smart မိတာအသစ်လျှောက်ထားသူမှ မိတာသတ်မှတ်ကြေးငွေနသို့ ပေးသွင်းပြီးနောက် မီတာတပ်ဆင်ပေးမည်ဖြစ်ပါ၍ စာတိုက်ပုံး (Inbox)စာမျက်နှာနှင့် လျှောက်ထားသူ၏ ဖုန်းနံပါတ်သို့ MOEE Info မှ မီတာတပ်ဆင်ပေးမည့်ရက်အား SMS – စာတိုပေးပို့အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အကြောင်းကြားထားသည့်ရက်တွင် လျှောက်ထားသည့် မီတာအသစ်အား တပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။



ပုံ(၃၉)မီတာတပ်ဆင်ပေးမည့်ရက် အကြောင်းကြားခြင်း SMS– စာတိုပေးပို့မည့်ပုံစံ

အပြန်အလှန်သွင်းဂိုးများဖြင့် ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းကိုအနိုင်ရရှိ



လန်ဒန် ဩဂုတ် ၃၀

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညပိုင်းတွင်ချဲလ်ဆီးအသင်းနှင့်ဘရိုက်တန်အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများနှင့်အတူ ချဲလ်ဆီးအသင်းက အိမ်ကွင်းတွင် ၄ ဂိုး ၃ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲအစလေးမိနစ်တွင်ပင် ကွင်းလယ်ကစားသမား လာဗီယားက ချဲလ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးနှင့် ပွဲချိန် ၁၄မိနစ်တွင် ပက်ဒရိုနက်တို့၊ ပွဲချိန် ၃၂မိနစ်တွင် ဂျာအိုပက်ဒရိုတို့က ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၃၅မိနစ်တွင် ရယ်ကူယီက ဘရိုက်တန်အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ချဲလ်ဆီးအသင်းက ၃ ဂိုး ၁ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်ချေပဂိုးများလိုအပ်နေသည့်ဘရိုက်တန်အသင်းက ပြန်လည်ဖိအားပေးနိုင်ခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် ချဲလ်ဆီးအသင်းမှ ဂျာအိုပက်ဒရိုက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ဘရိုက်တန်အသင်း ချေပဂိုးတစ်ဂိုးရရှိခဲ့သော်လည်း ပွဲချိန် ၇၄ မိနစ်တွင် ကိုးလ်ပယ်မာက ချဲလ်ဆီးအသင်းအတွက် စတုတ္ထဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်မိနစ် ၉၀ပြည့်ပြီး အချိန်ပိုခြောက်မိနစ်တွင် ဂရေဒ်ဗက် ဘရိုက်တန်အသင်းအတွက် ချေပဂိုးတစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့် အတွက်ပွဲပြီးဆုံးချိန်တွင် ချဲလ်ဆီးအသင်းက အိမ်ကွင်းတွင် ဘရိုက်တန်အသင်းကို ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သကဲ့သို့ ယခုပွဲစဉ်တွင်လည်း ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ကာ ပွဲစဉ်(၃)အဖြစ် စက်တင်ဘာလ ၆ ရက်တွင် အာဆင်နယ်အသင်းနှင့်ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးအပ်ပွဲကျင်းပ

လားရှိုး ဩဂုတ် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့လားရှိုးကြီးရပ်ကွက်ရှိ ပြည်ထောင်စုအားကစားကွင်း၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်ဆွေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဧည့်ပရိသတ်များက အမျိုးသားအသင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုပေးအပ်ပွဲကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်ဆွေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအသင်း၊ ဒုတိယဆုရရှိသည့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအသင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းအသင်း၊ ဒုတိယဆုရရှိသည့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းအသင်း၊ တတိယဆုရရှိသည့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းတို့အား တံခွန်စိုက်ဖလား၊ ဆုငွေများနှင့် တစ်ဦးချင်းဆုတံဆိပ်များကို အသီးသီးပေးအပ်သည်။

အဆိုပါ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဩဂုတ်လ ၁၃ ရက်မှ ၂၉ ရက်အထိကျင်းပခဲ့ပြီး လားရှိုးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အမျိုးသားအသင်း ၂၀ သင်း၊ အမျိုးသမီးအသင်း ခုနစ်သင်း စုစုပေါင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၆၀၈)

သဇင်(FM)
အသံလွှင့်အစီအစဉ်
၃၁-၈-၂၀၂၆(တနလ်ာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

ခရိုင်ပြည်သူ့စာကြည့်တိုက်၌ လူငယ်ရေးရာအသိပညာပေးဟောပြော စာအုပ်စာစောင် နံရံကပ်စာစောင်ပြသ

ကန့်ဘလူ ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ် စာစောင်ပြပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က ဗလငါးတန်နှင့် ပြည့်စုံသော လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတ ရရှိစေမည့် စာအုပ်စာပေများကိုလေ့လာဖတ်ရှုမှတ်သားကြရန်၊ အင်တာနက်အသုံးပြုမှုလျော့ကျစေရန်၊ ကျန်းမာကြံ့ခိုင်စေရန်၊ ကာယလေ့ကျင့်ခန်းများပုံမှန်ပြုလုပ်ကြရန်နှင့် အချိန်ကိုအကျိုး



ရှိစွာ အသုံးချတတ်စေရန် အသိပညာပေး ဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။ အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်း)(RBF) စီမံကိန်းမိတ်ဆက်ရှင်းလင်း

ကျွန်းစု ဩဂုတ် ၃၀

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု ကပကျေးရွာခန်းမဆောင်၌ ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်း) (RBF) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း ဆောင်ရွက်သည်။

ရှေးဦးစွာ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းသန္တာက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်း) (RBF) စီမံကိန်း သဘောသဘာဝများ၊ ရည်ရွယ်ချက်များ၊ မူဝါဒများနှင့် ကျေးလက်နေပြည်သူများ မိမိတို့ကျေးရွာအပေါ်ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့ကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ကပကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဝင်းတင်က မိမိတို့ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးရွာမှ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်း)(RBF) စီမံကိန်းအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးကို ကျေးရွာသူ၊ ကျေးရွာသားများနှင့် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။

တေဇာလင်း

ငွေဆောင်မြို့၌ Clean City,Green City,Smart City ဖြစ်စေရေး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



ငွေဆောင် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့၌ Clean City,Green City,Smart City ဖြစ်စေရေး အတွက် ဩဂုတ်လ ၂၉ ရက် နံနက်ပိုင်းတွင် အမှတ်(၃)ရပ်ကွက်၊ မဟာပုညရာမဘုန်းတော်ကြီးကျောင်း၊ ငွေဆောင်တိုက်နယ်ဆေးရုံနှင့် မြို့ပေါ်ရပ်ကွက်များ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး၏ဦးဆောင်မှုဖြင့် မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက မဟာပုညရာမဘုန်းတော်ကြီးကျောင်းတွင် ပလတ်စတစ်အမှိုက်ကောက်ခြင်း၊ အမှိုက်သရိုက်များကို စနစ်တကျသိမ်းဆည်းရှင်းလင်းခြင်း၊ မြက်ရှင်းခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းလုပ်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ကြသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်များအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးဆင်းမှုအားကောင်းမှု ရှိ၊ မရှိ တို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများအား မှာကြားခဲ့ကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)

MWD Education, Knowledge & Sports Channel

၃၀-၈-၂၀၂၆ (စနေဆိုစနေ)

၁။ ၀၇:၀၀ မှ ၀၈:၄၀ Grade-3 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ
၂။ ၁၅:၃၀ မှ ၁၅:၄၇ Grade-3 လူမှုရေး၊ သိပ္ပံ
၃။ ၁၅:၄၇ မှ ၁၈:၂၁ Grade-7 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ(၁)
၄။ ၁၈:၂၁ မှ ၂၀:၂၈ Grade-7 သချာ(၂)၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

ရိုင်းပင်းကူညီ တို့မြန်ပြည်

❐ မိုးရာသီ သဘာဝ
သာယာလှ စိတ်မှာထင်။
လယ်ယာမြေ အထွက်တိုး
စိုက်ပျိုးလို့ပင်။
ကိုရွှေမိုး ရွာစေချင်
ပျိုးပင်တွေ ရှင်သန်ရေး။
လုပ်ငန်းခွင် သာယာဖြိုးအောင်
မိုးခေါ်တယ်လေး။

❐ မိုးကိုမျှော် လာပြီကွဲ့
အားနဲ့အင်နဲ့ သည်းထန်စွာ။
ပြင်းထန်စွာ ရွာသည့်မိုး
ဆိုးကျိုးလည်းပါ။
မြစ်ရေတိုးလို့ ရေလျှံလာ
ပြည်သူမှာ သဘာဝဘေး။
ကြံ့လာပြန် အခက်အခဲကြောင့်
ဝမ်းနည်းမိသေး။

❐ ကူညီကာ ကယ်ဆယ်ပေး
လက်မနှေးတဲ့ တပ်မတော်။
အချိန်မီ လျင်စွာရောက်
ကူထောက်လို့နော်။
ပြည်သူများနှင့် လက်တွဲဖော်
တူပြိုးပျော် မော်နိုင်ရေး။
တက်ညီလက်ညီ ဝိုင်းကာပေါင်းလို့
ကောင်းမြတ်တယ်လေး။

❐ မြန်မာတွေ နှလုံးသား
စာနာသနား ပြည့်ဝနေ။
ဘေးသင့်သူတွေ အခက်အခဲ
ကူညီမြဲပေ။
အလှူရှင်တို့ စေတနာတွေ
မှန်မသွေ ပြည်သူ့အရေး။
စားဝတ်နေ စိတ်မညှိုးအောင်
ဝေဖြိုးကာ စိတ်မှာလန်းလို့
လှူဒါန်းတယ်လေး။

❐ လှူဒါန်းသူတွေ ပေးဝေပြု
သာဓုခေါ်မှု အခါခါ။
ဘယ်နေရာ ဘယ်ဒေသ
တူမျှစိတ်မှာ။
ဘာသာလူမျိုး မခွဲပါ
အားလုံးဟာ တို့လူသားမို့။
ဘေးဘယာ ဝေးကွာပျောက်လို့
ဝမ်းမြောက်ဖွယ် လူမှုဘဝ
ရကြစေဖို့။ ။

မန္တလာကိုကိုဝင်း

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှုံစိုက်ပျိုးရာသီတွင် သီးနှံစုံလျာထားဧကအားလုံးစိုက်ပျိုးပြီးစီး

အိမ်မဲ ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှုံစိုက်ပျိုးရာသီတွင် သီးနှံစုံလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံလျာထားဧကာ ၁၄၄၅၁၅ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သောမိုးသီးနှံစုံ ၁၄၄၅၁၅ ဧကတွင် စပါးဧကာ ၁၄၃၀၁၀၊ ကြဲ ၈၇ ဧက၊ ပိန်း ၁၃၁ ဧက၊ ကန်စွန်း ငါးဧက၊ ဟင်းသီးဟင်းရွက်စုံ ၁၀၇၁ ဧက၊ ပြောင်း နှစ်ဧက၊ ပန်းအမျိုးမျိုး ၂၀၉ ဧကဖြစ်သည်။

"အိမ်မဲမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်တစ်ခုလုံးအနေနဲ့ သီးနှံစုံဧကာ ၁၄၄၀၀၀ ကျော် အထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံးစိုက်ပျိုးပြီးစီးပါပြီ။ တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေစိုက်ပျိုးနိုင်စေဖို့၊ နည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီစိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောသည်။

အိမ်မဲမြို့နယ်၌ ယခုမိုးသီးနှံစိုက်ပျိုးရာသီတွင်



စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့်အကြောင်းအမျိုးမျိုးကြောင့် သီးနှံများပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေပြင်ကွင်းဆင်းပြီး ဒေသခံတောင်သူများနှင့်ပူးပေါင်းကာ တောင်သူအသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်

ခရိုင်အဆင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို အက အရေး အတီးပြိုင်ပွဲများ မိုးညှင်းမြို့၌ကျင်းပ

မိုးညှင်း ဩဂုတ် ၃၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ မြို့တော်ခန်းမ၌ ခရိုင်အဆင့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဩဂုတ်လ ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ရဲမျိုးကြီး ခင်မောင်ကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်က ဘိုးဘွားများအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာသည့် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသက်အရွယ်အပိုင်းအခြားအလိုက် အမျိုးသား၊ အမျိုးသမီး အကများ၊ ဝါသနာရှင်ရုပ်သေးအက၊ ကဗျာလွတ်အက၊ စောင်းအတီး၊ ဆိုင်းအတီး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေး၊ မဟာဂီတနှင့် ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲများကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ အဆင့်မြင့်ပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ပြင်ပမှဝါသနာရှင်များက အသီးသီးပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ရွှေမိုးညှင်း

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်း လုပ်ငန်းများဆောင်ရွက်

ဆင်ပေါင်ဝဲ ဩဂုတ် ၃၀

သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ဆုံးရှုံးနိုင်ခြေနှင့် ထိခိုက်ပျက်စီးမှုများ လျော့ချနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံပြည်သူများထံသွားရောက်ကွင်းဆင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းလုပ်ငန်းများကို ဩဂုတ်လ ၂၉ ရက်က ဆောင်ရွက်ကြသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းနှင့် ဝန်ထမ်းများသည် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ရွာသစ်၊ လွန်ချီ၊ ညံတောအင်းကျေးရွာများသို့သွားရောက်၍ မုန်တိုင်းဘေး၊ ရေဘေး၊ မြေပြိုဘေးနှင့် မီးကြိုးဘေး စသည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ သဘာဝဘေးဖြစ်ပွားနေစဉ် ပြုမူနေထိုင်ရန်နှင့် ရှောင်ကြဉ်ရန်အချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်နိုင်စေရေးအသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ကြသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်တွေ့ကြုံရပါက သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများထံ ချက်ချင်းဆက်သွယ်အကူအညီတောင်းခံနိုင်ရေးအတွက် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို တစ်ပါတည်း အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

ကြက်သွန်စိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြုလက်မှတ်ပေးအပ်



ရေနံချောင်း ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြက်သွန်စိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၉ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းစိုးက ကြက်သွန်စိုက်တောင်သူများအနေဖြင့် မြေပြုပြင်စိုက်ပျိုးသည်မှစ၍ စားသုံးသူလက်ဝယ်ရောက်ရှိသည်အထိ GAP နည်းစနစ်များနှင့်အညီ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) အသိအမှတ်ပြုလက်မှတ်များကို တောင်သူများထံပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စု၊ သုံးဆယ်ခြောက်ကျေးရွာအုပ်စုနှင့် မာန်မြေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာမှ ကြက်သွန်စိုက်တောင်သူ ၁၉၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

စိုးသူအောင်(ပြန်/ဆက်)

အောင်လံမြို့နယ် ကျောက်စွယ်ကျိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

အောင်လံ ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေးဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကျောက်စွယ်ကျိုးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျောက်စွယ်ကျိုးကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည် ပေ ၁၅၀၀ ရှိ ရေတင်ပိုက်လိုင်းသွယ်ယူခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၃၇ ဒသမ ၁၃၄ သန်းဖြင့် ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၅၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ သီးနှံစုံ ဧက ၁၃၀၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဩဂုတ် ၃၀


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ဧက ၁၃၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၃၇၉၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် မိုးစပါး ၆၈၃၃၈ ဧက၊ ဖူးစားပြောင်းဧက ၂၇၈၀၊ နှံစားပြောင်း၂၈၂ ဧက၊ ပဲမျိုးစုံ ၁၅၃၃၇ ဧက၊ ဆီထွက်သီးနှံစုံ ၃၁၉၀၇ ဧက၊ ချည်မျှင်ရှည်ဝါ ၄၉၂၁ ဧက၊ ကြံ ရှစ်ဧက၊ ကော်ဖီ တစ်ဧက၊ ထန်း ၂၂၂ ဧက၊ ငရုတ် ၅၆၁ ဧက၊ ကွမ်း ၅၂ ဧက၊ တခြားသီးပင်စားပင် ဧက ၄၁၃၀၊ ပရဆေး (လျှော်ဖြူ) ၂၅၇ ဧက၊ ကွဲ၊ နွားစာ ၅၆၆၁ ဧက၊ စားသုံးခြင်းမပြုသီးနှံ ၆၃၅ ဧက၊ အစေ့ကျားကြက်ဆူ ၄၈ ဧက၊ အထွေထွေစားသုံးသီးနှံ ၁၅၂ ဧက စုစုပေါင်း သီးနှံစုံ ၁၃၅၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံ ၁၃၇၉၈၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ သီးနှံစုံ ၁၃၅၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအလိုက် လျာထားဧကတွေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ တချို့သီးနှံတွေလည်း လျာထားဧကထက်ကျော်လွန်စိုက်ပျိုးပြီးစီးတာတွေရှိပါတယ်။ စိုက်ပျိုးပြီးတဲ့သီးနှံတွေကိုလည်း အထွက်နှုန်းတိုးတက်စေဖို့နဲ့ အရည်အသွေးကောင်းသီးနှံတွေထွက်ရှိဖို့ ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ စပါးအပါအဝင် မိုးသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာကောင်းမွန်အောင်ပြုပြင်ရေး၊ မျိုးရွေးချယ်မှုမှန်ကန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်နည်းပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများကိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



မိုးစပါးအထွက်နှုန်းတိုးတက်စေရေး ယူရီးယားဓာတ်မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



ဒေးဒရဲ ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးဌာန ယူရီးယားဓာတ်မြေဩဇာ စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ဩဂုတ်လ ၃၀ ရက်တွင် ကုန်းတန်းကလေးကျေးရွာနေ တောင်သူဦးထွန်းထွန်း၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇင်မောင်မောင်က မိုးစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာများ၊ စပါးပင်၏ သက်တမ်းအလိုက် မြေဩဇာလိုအပ်ချက်နှင့် ယူရီးယားဓာတ်မြေဩဇာနည်းစနစ်မှန်ကန်စွာ အချိန်ကိုက်အချိုးကျသုံးစွဲရမည့်နည်းစနစ်များကို တက်ရောက်လာသည့်ဒေသခံတောင်သူများအား ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းကြဲပက်ကြသည်။

အဆိုပါ ယူရီးယားဓာတ်မြေဩဇာကြဲပက်ခြင်းကွင်းသရုပ်ပြပွဲသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးနည်းစနစ်ဆိုင်ရာလက်ကမ်းစာစောင်များကို တောင်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နေကိုထိုက်

ကန့်ဘလူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်းနှင့် AVIP ဖြည့်သွင်းနည်းသင်တန်းဖွင့်လှစ်

ကန့်ဘလူ ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်း၍ ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်းနှင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) ဖြည့်သွင်းနည်းသင်တန်းကို ဩဂုတ်လ ၂၉ ရက်က ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲရာတွင် ပါဝင်ရမည့်အချက်အလက်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက သင်တန်းတွင် လူဦးရေနှင့် အခြေခံအချက်အလက်များကောက်ယူခြင်း၊ သယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများဖြည့်သွင်းနည်း၊ ဦးစားပေးလုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းနည်းသင်ခန်းစာများကို သင်ကြားပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုင်းတောကျေးရွာ၊ ကြိုးကြာကျေးရွာနှင့် တောက္ကရုပ်ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

သာပေါင်းမြို့နယ်၌ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာ

သာပေါင်း ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း သာပေါင်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်ကြည်၏ ပြောဆိုချက်အရ သိရသည်။

သာပေါင်းမြို့နယ်၌ ယခုနှစ် ဩဂုတ်လနောက်ဆုံးပတ်မှစ၍ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀ မှ ၁၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

သာပေါင်းမြို့နယ်၌ စားတော်ပဲအပါအဝင် တခြားပဲများကို စနစ်တကျသန့်စင်ပြီး ဒေသတွင်းစျေးကွက်နှင့် ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်သည့် ကျေးရွာမြေငှားဂရန်များပေးအပ်

ပန်းတောင်း ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဒေါင်းမနားကျေးရွာအုပ်စု မြောင်ရှေကျေးရွာဘုန်းတော်ကြီးကျောင်းခမ်းရုံ၌ ဩဂုတ်လ ၂၉ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သည့် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားရာတွင် ဒေသခံပြည်သူများ၏ မြေယာပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်များ ခိုင်မာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာမြေငှား ဂရန်များကို စနစ်တကျစိစစ်ထုတ်ပေးခြင်း ဖြစ်ကြောင်း၊ ဂရန်ရရှိသူများအနေဖြင့် လည်း မိမိတို့၏မြေယာများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အသုံးပြုကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေါင်းမနားကျေးရွာအုပ်စု မြောင်ရှေကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများထံ မြေငှားဂရန်များပေးအပ်ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုသက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီးပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ည နေပြည်တော်ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာစွာ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့်အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို အသက်ကိုပင်ပမာနမထားဘဲကိုယ်ကျိုးစွန့်အနစ်နာခံကာ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက်တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

▲ ကျေးဖုံးမှအဆက်

ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်၊ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈၆)**

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဩဂုတ် ၃၀

"တီထွင်မှုသည် ရိုးရာကိုမကျော်ရန်" ဟူသော မူဝါဒကိုအခြေခံလက်ကိုင်ထား၍ တိုင်းရင်းသားဝတ်စုံမှန်များကို ပြုစုခဲ့ပြီး ကချင်(၆)မျိုး၊ ကယား(၉)မျိုး၊ ကရင် (၁၁) မျိုး၊ ချင်း (၁) မျိုး၊ ဗမာ (၁) မျိုး၊ မွန် (၁) မျိုး၊ ရခိုင် (၁)မျိုး၊ ရှမ်း (၇) မျိုး စုစုပေါင်း တိုင်းရင်းသားလူမျိုးစု (၂၇) မျိုးတို့၏ အမျိုးသားဝတ်စုံမှန်ဆိုင်ရာ အချက်အလက်များကို စုစည်းပြုစုထားသည့် "မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်များ" (မူကြမ်း) စာအုပ်ကိုပြုစုနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့ နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ လောကနတ်ခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက "မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏အမျိုးသားဝတ်စုံမှန်များ"(မူကြမ်း)ပြုစုပြီးစီးသော်လည်း စာအုပ်အဖြစ်ရိုက်နှိပ်မထုတ်ဝေမီ အချက်အလက်များမှန်ကန်မှုရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက ပြန်လည်စိစစ်အတည်ပြုပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ပေးပို့ရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားလူမျိုးများ၏ဝတ်စုံမှန်များကို ဆက်လက်ပေးပို့စေပြီး စာအုပ်အားပြည့်စုံစွာ ဆက်လက်ထုတ်ဝေသွားရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး ကော်မတီအတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ဆောင်ရွက် ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

➤ သံလွင်မြစ်ရေမှ

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၂ပေ ၉လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈၆)**

➪ ရှေ့ဖုံးမှအဆက်

(Well Marked Low Pressure Area)အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/၈၆)**

➲ ရှမ်းယူနိုက်တက်အသင်းမှ

လည်းပြင်းထန်ခဲ့သည်။ပထမပိုင်းသူတစ်ပြန်ကိုယ်တစ်ပြန် လျင်မြန်သည့်တိုက်စစ်အဟုန်ဖြင့်ကစားခဲ့ကြသည်။ ပွဲကစားချိန် ၁၅ မိနစ်တွင် စတီဖန်အိုဆူက ဂိုးဇရိယာပြင်ပကနေကန်သွင်းပြီး ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းသွားသည်။ ရန်ကုန်စီးတီးအသင်း ချေပဂိုးရဖို့တွန်းတွန်းတိုက်တိုက်ကစားခဲ့ပေမယ့် အဆုံးသတ်အားနည်းမှုများရှိခဲ့၍ ဂိုးမရခဲ့ပေ။ ပွဲကစားချိန် ၄၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းတိုက်စစ်ကို ယာမာမူရာဟန့်တားရင်းဂိုးဝင်သွားသည့်အတွက် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းကစားသမားများ ဂိုးရရှိဖို့ကစားပုံများကြမ်းလာ၍ အဝါကတ်များမကြာခဏပြခဲ့ရသလို ပွဲကစားချိန် ၅၇ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းအတွက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး ကော်မတီအတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ဆောင်ရွက် ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းကစားသမားများ ဂိုးရရှိဖို့ကစားပုံများကြမ်းလာ၍ အဝါကတ်များမကြာခဏပြခဲ့ရသလို ပွဲကစားချိန် ၅၇ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းသွားသည်။ ရန်ကုန်စီးတီးအသင်း ချေပဂိုးရဖို့တွန်းတွန်းတိုက်တိုက်ကစားခဲ့ပေမယ့် အဆုံးသတ်အားနည်းမှုများရှိခဲ့၍ ဂိုးမရခဲ့ပေ။ ပွဲကစားချိန် ၄၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းတိုက်စစ်ကို ယာမာမူရာဟန့်တားရင်းဂိုးဝင်သွားသည့်အတွက် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

စမတ်ဂရစ် (Smart Grid) ရင်ခုန်သံနှင့် မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍ၏ ခြေလှမ်းသစ်များ

Smart Team

ယနေ့ခေတ်တွင် လျှပ်စစ်စွမ်းအင်သည် ပြည်သူများ၏အခြေခံလိုအပ်ချက်ဖြစ်သော ကျန်းမာရေး၊ ပညာရေးအပါအဝင် နေ့စဉ်လူနေမှုဘဝ၊ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍများနှင့် ဒီဂျစ်တယ်နည်းပညာအခြေပြု ဝန်ဆောင်မှုလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သောအခြေခံအရင်းအမြစ်တစ်ခုဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှုတိုးခဲ့နိုင်မှု၊ လူမှုဘဝအရည်အသွေးမြင့်မားလာမှုနှင့် စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့သည် ယုံကြည်စိတ်ချရပြီး ထိရောက်သောလျှပ်စစ်ဓာတ်အားစနစ်တစ်ခုအပေါ် များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏လုံခြုံစိတ်ချရမှု (Reliability)၊ ထိရောက်မှု (Efficiency)၊ တည်ငြိမ်မှု (Stability)နှင့် ရေရှည်တည်တံ့နိုင်မှု (Sustainability)တို့ကို မြှင့်တင်နိုင်ရေးသည် ယနေ့ခေတ်စွမ်းအင်ကဏ္ဍ၏ အဓိကဦးတည်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



ကမ္ဘာတစ်ဝန်းတွင် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်း၊ စက်မှုလုပ်ငန်းများတိုးချဲ့လာခြင်း၊ လျှပ်စစ်မော်တော်ယာဉ် (Electric Vehicles – EVs)အသုံးပြုမှုမြင့်တက်လာခြင်းနှင့် AI နည်းပညာဖွံ့ဖြိုးလာမှုနှင့်အတူ ဒေတာစင်တာများ (Data Centers)ကဲ့သို့ လျှပ်စစ်ဓာတ်အား အလွန်လိုအပ်သောလုပ်ငန်းများ ပိုမိုများပြားလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် သုံးစွဲသူများဆီသို့ တာဝါတိုင်များနှင့် ကြိုးလိုင်းများမှ တစ်ဆင့် ပို့လွှတ်ဖြန့်ဖြူးပေးသည့် သမားရိုးကျ လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်ဖြစ်သည်။ **တစ်နည်းအားဖြင့် တစ်ဖက်သတ်စီးဆင်းမှု (One–way Flow)** ဟုခေါ်ဆိုနိုင်သည့် ဓာတ်အားပေးစက်ရုံများမှ သုံးစွဲသူဆီသို့ လျှပ်စစ်မီးကို တစ်ဖက်သတ်ပို့လွှတ်ပေးခြင်းဖြစ်ပြီး သုံးစွဲသူများဘက်မှ မီးသုံးစွဲမှုအခြေအနေများကို စက်ရုံများကပြန်လည်မသိရှိနိုင်ပါ။ ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို ပို့လွှတ်သည့် နေရာမှသာ ထိန်းချုပ်စီမံနိုင်ခြင်းဖြစ်သည်။ ဓာတ်အားလိုင်းများဟောင်းနွမ်းလာခြင်း၊ ပြတ်တောက်မှုများဖြစ်ပေါ်လာသည့်အခါ သုံးစွဲသူများ၏သတင်းပို့ချက် သို့မဟုတ် ဝန်ထမ်းများသွားရောက်စစ်ဆေးတိုးတက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် သန့်ရှင်းသောစွမ်းအင် သို့ကူးပြောင်းရေးမူဝါဒများအရ နေရောင်ခြည်စွမ်းအင် (Solar Energy)၊ လေစွမ်းအင် (Wind Energy)နှင့် အခြားပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) များကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာကြသည်။ ယင်းအခြေအနေများသည် လျှပ်စစ်ဓာတ်အားကွန်ရက်များအတွက် လိုအပ်ချက်အသစ်များနှင့် စိန်ခေါ်မှုအသစ်များကို တစ်ပြိုင်နက်တည်း ဖြစ်ပေါ်စေလျက်ရှိသည်။

> **“ စမတ်ဂရစ် (Smart Grid) ဆိုသည်မှာ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology – ICT)၊ အလိုအလျောက်ထိန်းချုပ်ရေးနည်းပညာ (Automation)၊ အင်တာနက်ချိတ်ဆက်ထားသော ပစ္စည်းကိရိယာများကွန်ရက် (Internet of Things - IoT)၊ ဉာဏ်ရည်မြင့်အာရုံခံကိရိယာများ (Intelligent Sensors) နှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးကွန်ရက်များကိုပေါင်းစပ်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် သုံးစွဲခြင်း လုပ်ငန်းစဉ်တစ်လျှောက်လုံးကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်၊ ထိန်းချုပ်၊ ခွဲခြမ်းစိတ်ဖြာကာ စီမံခန့်ခွဲနိုင်သည့် ခေတ်မီလျှပ်စစ်ဓာတ်အားကွန်ရက်စနစ်တစ်ခုဖြစ် . . . ”**

သမားရိုးကျ လျှပ်စစ်ဓာတ်အားလိုင်းများ (Conventional Grid) ဆိုသည်မှာ ဗဟိုပြုထားသည့် ဓာတ်အားပေးစက်ရုံကြီးများ (ဥပမာ–ရေအားလျှပ်စစ်စက်ရုံများ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးသုံးစက်ရုံကြီးများ၊ နျူကလီးယားဓာတ်အားပေးစက်ရုံကြီးများ)မှထုတ်လုပ်ပြီး မြို့ပြနှင့်ကျေးရွာများရှိ မှသာ သိရှိနိုင်ပြီး ပြုပြင်ရန်အချိန်ကြန့်ကြာတတ်သည်။

စမတ်ဂရစ် (Smart Grid) ဆိုသည်မှာ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology – ICT)၊ အလိုအလျောက်ထိန်းချုပ်ရေးနည်းပညာ (Automation)၊ အင်တာနက်ချိတ်ဆက်ထားသော ပစ္စည်းကိရိယာများကွန်ရက် (Internet of Things – IoT)၊ ဉာဏ်ရည်မြင့်အာရုံခံကိရိယာများ (Intelligent Sensors) နှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးကွန်ရက်များကိုပေါင်းစပ်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် သုံးစွဲခြင်း လုပ်ငန်းစဉ်တစ်လျှောက်လုံးကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်၊ ထိန်းချုပ်၊ ခွဲခြမ်းစိတ်ဖြာကာ စီမံခန့်ခွဲနိုင်သည့် ခေတ်မီလျှပ်စစ်ဓာတ်အားကွန်ရက်စနစ်တစ်ခုဖြစ်သည်။ Smart Grid တွင် လျှပ်စစ်စွမ်းအင်နှင့် ဆက်စပ်လျက်ရှိသည့်သတင်းအချက်အလက်များကိုလည်း နှစ်လမ်းသွား (Two–way Communication) ဖြင့် အပြန်အလှန် ချိတ်ဆက်ဖလှယ်နိုင်သောကြောင့် ဝန်ဆောင်မှုဆောင်ရွက်ပေးသောအဖွဲ့များနှင့် သုံးစွဲသူများအကြား ချိတ်ဆက်ဆောင်ရွက်မှုကို ပိုမိုထိရောက်စေရုံသာမက လျှပ်စစ်ဓာတ်အားကို ပိုမိုဘေးကင်းလုံခြုံစွာ၊ စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ဖြန့်ဝေပေးနိုင်သည်။

စမတ်ဂရစ် (Smart Grid) ပေါ်ပေါက်လာပုံ မှာ သမားရိုးကျလျှပ်စစ်ဓာတ်အားလိုင်းများ (Conven – tional Grid)ကို ၁၉ရာစု – ၂၀ရာစုကတည်းကစတင်ခဲ့ပြီး ၂၀ ရာစုနှောင်းပိုင်းသို့ရောက်လာသောအခါ လူဦးရေတိုးပွားလာခြင်း၊ စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်းတို့ကြောင့် သမားရိုးကျဓာတ်အားလိုင်းများသည် ဝန်အားမနိုင်တော့ဘဲ ဓာတ်အားပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်လာပြီး စွမ်းအင်ဆုံးရှုံးမှုများလည်း ကြီးမားလာခဲ့သည်။ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကွန်ပျူတာနည်းပညာနှင့် အီလက်ထရွန်နစ်နည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ဓာတ်အားပေးစက်ရုံများတွင် **SCADA (Supervisory Control and Data Acquisition)** ဟုခေါ်သော အဝေးမှကြည့်ရှုကွပ်ကဲနိုင်သည့် အလိုအလျောက်ထိန်းချုပ်မှုစနစ်များကို စတင်အသုံးပြုလာကြသည်။ ဤအချက်သည် လျှပ်စစ်ကွန်ရက်ကို ဒီဂျစ်တယ်စနစ်ဆီသို့ ကူးပြောင်းစေသည့် ပထမဆုံးသောခြေလှမ်းတစ်ရပ်ဖြစ်လာခဲ့သည်။ **၂၀၀၁ ခုနှစ်ဝန်းကျင်**တွင် အမေရိကန်နိုင်ငံ၌ လျှပ်စစ်ကွန်ရက်များ၏အားနည်းချက်ကြောင့် ကြီးမားသောဓာတ်အားပြတ်တောက်မှုကြီးများ (Blackouts)ဖြစ်ပွားခဲ့ပြီးနောက် လျှပ်စစ်စွမ်းအင်လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လာခဲ့သည်။ ဤပြဿနာများကို ဖြေရှင်းရန်အတွက် သတင်းအချက်အလက်နည်းပညာ (IT)နှင့်လျှပ်စစ်ဓာတ်အားလိုင်းများကို အလုံးစုံပေါင်းစပ်ပေးမည့် **“Smart Grid” (ဉာဏ်ရည်မြင့်လျှပ်စစ်ဓာတ်အားကွန်ရက်)** ဟူသောဝေါဟာရနှင့်အယူအဆကို အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် တရားဝင်စတင်ဖော်ထုတ်ခဲ့ကြပြီး ယခုအချိန်တွင် ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံအများအပြားတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုဆောင်ရွက်လျက်ရှိသည်။

Smart Grid ၏အကျိုးကျေးဇူး – လျှပ်စစ်စွမ်းအင်များ အလဟဿဆုံးရှုံးမှုမရှိစေရန် စမတ်ဂရစ်စနစ်သည် အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်ပေးနိုင်သည်။ ဓာတ်အားထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှုကို လိုအပ်ချက်နှင့်အညီ တိကျစွာချိန်ညှိပေးနိုင်သောကြောင့် စွမ်းအင်ကို ထိရောက်စွာအသုံးချနိုင်မှု (Energy Efficiency)ကို အမြင့်မားဆုံးရရှိစေနိုင်သည်။ ဓာတ်အားလိုင်းများတွင် ချို့ယွင်းချက် သို့မဟုတ် ဓာတ်အားပြတ်တောက်မှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက Sensor များနှင့် Monitoring System များကို အသုံးပြုထားသဖြင့် Control Center မှချက်ချင်းသိရှိနိုင်ပြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့များကို အချိန်မီစေလွှတ်နိုင်သည်။ လူအင်အား သို့မဟုတ် အချိန်ကြာမြင့်စွာစောင့်ဆိုင်းစရာမလိုဘဲ ပျက်စီးနေသည့်လမ်းကြောင်းကို အလိုအလျောက်ဖြတ်တောက်ကာ အခြားလမ်းကြောင်းမှတစ်ဆင့် ဓာတ်အားဆက်လက်ပို့လွှတ်ပေးနိုင်ခြင်းကြောင့် ဓာတ်အားပြတ်တောက်ချိန်ကိုလျှော့ချနိုင်ပြီး ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်နိုင်သည်။ နေရောင်ခြည်စွမ်းအင် (Solar)နှင့် လေအားလျှပ်စစ် (Wind)ကဲ့သို့သော ရာသီဥတုအပေါ်မူတည်ပြီး ပြောင်းလဲမှုရှိသည့်သဘာဝစွမ်းအင်များကို သမားရိုးကျဓာတ်အားကွန်ရက်စနစ်ထဲသို့ တိုက်ရိုက်ထည့်သွင်းရန်ခက်ခဲသော်လည်း စမတ်ဂရစ်စနစ်က ၎င်းတို့ကို တည်ငြိမ်စွာရောစပ်ပေးနိုင်သည်။ ယင်းက နိုင်ငံတော်၏စွမ်းအင်အရင်းအမြစ်များကို ပိုမိုကွဲပြားစုံလင်လာစေပြီး ရေရှည်တည်တံ့သည့်စွမ်းအင်လုံခြုံမှုကို တည်ဆောက်ပေးနိုင်သည်။ ထို့ပြင် သုံးစွဲသူများသည် မိမိတို့၏ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး မလိုအပ်သောသုံးစွဲမှုများကိုလျှော့ချနိုင်သည်။ ယင်းကြောင့် လစဉ်လျှပ်စစ်မီတာခကုန်ကျစရိတ်များကို သက်သာစေသည်။ Smart Grid ဖော်ဆောင်ရန်အတွက် အဓိကကျသောအစိတ်အပိုင်းတစ်ခုမှာ Smart Meter များဖြစ်သည်။ Smart Meter များသည် သုံးစွဲသူများ၏လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာပေးနိုင်ပြီး ဓာတ်အားအသုံးပြုမှုအခြေအနေများကို အလွယ်တကူသိရှိနိုင်စေသည်။ ထို့ပြင် ဓာတ်အားပေးရေးကုမ္ပဏီများအနေဖြင့်လည်း ဓာတ်အားလိုအပ်ချက်များကို ပိုမိုတိကျစွာခန့်မှန်းနိုင်ပြီး ဓာတ်အားထုတ်လုပ်မှုကို ထိရောက်စွာစီမံခန့်ခွဲနိုင်သည်။

Advanced Metering Infrastructure (AMI) စနစ်သည် Smart Grid ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ၎င်း၏အဓိကအင်္ဂါရုပ်မှာ Automated Meter Reading စနစ်ဖြစ်သည်။ ယခင်က လစဉ်မီတာဖတ်ခြင်းဖြင့်သာ သိရှိနိုင်ခဲ့သည့် လျှပ်စစ်အသုံးပြုမှုကို ယခုအခါ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်လာသည်။ Smart Meter များမှရရှိသောအချက်အလက်များကိုအသုံးပြု၍ ဝန်ဆောင်မှုဆောင်ရွက်ပေးသောကုမ္ပဏီများသည် အချိန်နှင့်တစ်ပြေးညီ ကောက်ခံထားသောဒေတာ (Real–time Data) နှင့် ယခင်ရှိနေသော အချက်အလက်များ (Historical Data)ကို နှိုင်းယှဉ်ခွဲခြမ်းနိုင်ပြီး ဝန်အားသုံးစွဲမှုပုံစံများ (Load Pattern)ကို ပိုမိုနားလည်နိုင်သည်။ ထို့ပြင် အချိန်မရွေးနှုန်းထားတူ (Flat Rate) ကောက်ခံခြင်းမဟုတ်ဘဲ လျှပ်စစ်ဓာတ်အားလိုအပ်ချက် (Demand) အများဆုံးအချိန်နှင့် နည်းပါးချိန်ပေါ်မူတည်၍ ဈေးနှုန်းအတက်အကျ ပြုလုပ်ကောက်ခံခြင်း **(Dynamic Pricing)** စနစ်များကိုအသုံးပြု၍ ဓာတ်အားအဖြင့်ဆုံးသုံးစွဲမှု (Peak Load)ကို လျှော့ချနိုင်ပြီး **“အချိန်ပေါ်မူတည်၍ ဓာတ်အားခနှုန်းထားကို အတက်အကျပြောင်းလဲကောက်ခံသောစနစ် (Time–of–Use Rate)”** များဖြင့် စွမ်းအင်သုံးစွဲမှုအလေ့အထများကို လွှမ်းမိုးပြောင်းလဲနိုင်သည်။

စာမျက်နှာ ၁၄ သို့ ■

Polytechnic University (မော်လမြိုင်) ဖွင့်လှစ်နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေး

မော်လမြိုင် ဩဂုတ် ၃၀

မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ထင်းသန်းသည် နည်းပညာတက္ကသိုလ်(မော်လမြိုင်)တွင် Polytechnic University(မော်လမြိုင်) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၏ အခြေအနေကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုစဉ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ထင်းသန်းနှင့်အဖွဲ့သည် Polytechnic University(မော်လမြိုင်) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေသည့် အဆောက်အအုံဆိုင်ရာ ပြုပြင်မွမ်းမံခြင်း၊ တည်ဆောက်ခြင်းနှင့် လိုအပ်သည့်အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် သက်ဆိုင်ရာလုပ်ငန်းရှင်များ၏ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က Polytechnic University (မော်လမြိုင်) ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

Polytechnic University(မော်လမြိုင်) ဖွင့်လှစ်နိုင်ပါက ဒေသတွင်းလူငယ်များအတွက် နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များကို ပိုမိုလေ့လာသင်ယူနိုင်မည့်အခွင့်အလမ်းများ တိုးမြှင့်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၆)**

မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပဲခူး ဩဂုတ် ၃၀



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်းပြုလုပ်သည်။

ဦးစွာ သမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်နှင့်ရင်ပြင်ပတ်ဝန်းကျင်တို့၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ အများနှင့်သက်ဆိုင်သည့် ကားလမ်း(ဝဲ/ယာ)၊ မီးရထားလမ်း(ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်း လမ်းဘေး(ဝဲ/ယာ)၊ ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ရပ်ကွက်နေပြည်သူများ၏ စုပေါင်းအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ဥသာတိုင်းသား**

■ စာမျက်နှာ ၁၃ မှအဆက်

အနာဂတ်မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍသစ်ဆီသို့ – လက်ရှိမြန်မာနိုင်ငံတွင် သမားရိုးကျဓာတ်အားကွန်ရက် (Conventional Grid) စနစ်များ၏အားနည်းချက်ကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်မှုနှင့်ဖြန့်ဖြူးရာလမ်းတစ်လျှောက်လျှပ်စစ်စွမ်းအင်များ အလဟဿဆုံးရှုံးနစ်နာမှု (Transmission and Distribution Losses)သည် မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍတွင်ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်တိုးတက်လာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် Renewable Energy စီမံကိန်းများတိုးချဲ့လာခြင်းတို့ကြောင့် Smart Grid နည်းပညာသည် နိုင်ငံတော်၏ အနာဂတ်ဓာတ်အားစနစ်အတွက် အကောင်းဆုံးသော အားကိုးရာစနစ်တစ်ခုဖြစ်သည်။ လက်ရှိတွင် Smart Meter များစတင်တပ်ဆင်ခြင်း၊ AMI System များတိုးချဲ့တည်ဆောက်ခြင်း၊ SCADA နှင့် Distribution Automation စနစ်များ အဆင့်မြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းလုံးအတွက် အပြည့်အဝ Digital Grid အဖြစ်ပြောင်းလဲနိုင်ရန် Communication Network များ၊ Data Concentrator Unit (DCU) များ၊ Meter Data Management System (MDMS)များနှင့် Control Center များကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်သွားရန် စီမံနေပြီဖြစ်သည်။

DCU များတိုးချဲ့ဆောင်ရွက်မှုများကြောင့် Smart မီတာနှင့် DCU တို့ချိတ်ဆက်လာနိုင်ပြီး AMI စနစ်သို့ ဝင်ရောက်ကာ Smart မီတာများနှင့် ဓာတ်အားသုံးစွဲသူများ၏ အချက်အလက်များရရှိပြီး ဓာတ်အားကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ DCU ကွန်ရက်နှင့်အလှမ်းကွာဝေးသည့် Analog မီတာများကို စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်များဖော်ဆောင်ခြင်း၊ မတူညီသောစနစ်များကို တစ်ခုနှင့်တစ်ခုချွတ်ယွင်းချက်မရှိဘဲ အချက်အလက်များဖလှယ်နိုင်ရန်နှင့် အတူတကွတွဲဖက်လုပ်ဆောင်နိုင်ရန် အပြန်အလှန် ချိတ်ဆက်အသုံးပြုနိုင်ရေးကို စီစဉ်လျက်ရှိခြင်း၊ မြို့ပြဒေသများသာမက ကျေးလက်ဒေသများအထိ ဒီဂျစ်တယ်လျှပ်စစ်ဝန်ဆောင်မှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားစနစ်ကို ခေတ်မီဒီဂျစ်တယ်စနစ်သို့ အဆင့်လိုက်ကူးပြောင်းရန် အလေးထားစီမံဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် နေ့လယ်ပိုင်းရုံးလုပ်ငန်းများဆောင်ရွက်သည့်အချိန်များနှင့် ညနေပိုင်း သို့မဟုတ် လူတိုင်းအိမ်ပြန်ရောက်ပြီး လျှပ်စစ်ပစ္စည်းများ (ထမင်းပေါင်းအိုး၊ မီးဖို၊ အဝတ်လျှော်စက် စသည်တို့)ကို တစ်ပြိုင်နက်တည်း အများဆုံးအသုံးပြုကြသည့်အချိန်များတွင် ဓာတ်အားပေးစနစ်၌ ဝန်ပိမှုများပြားလာခြင်း (**Peak Hours** – ဓာတ်အားသုံးစွဲမှု အထွတ်အထိပ်အချိန်)၊ ညဉ့်နက်ပိုင်း သို့မဟုတ် နံနက်စောစောပိုင်းကဲ့သို့ လူအများ ဓာတ်အားသုံးစွဲမှုအလွန်နည်းပါးပြီး ဓာတ်အားပိုလျှံနေသည့်အချိန်များ (**Off-Peak Hours** – ဓာတ်အားသုံးစွဲမှုနည်းပါးသည့်အချိန်)တွင် လျှပ်စစ်ဓာတ်အားမတည်ငြိမ်မှုများဖြစ်ပေါ်လာပြီး ဓာတ်အားဖြတ်တောက်ရမှုများ၊ အသုံးပြုသည့်လျှပ်စစ်ပစ္စည်းဆုံးရှုံးပျက်စီးမှုများဖြစ်ပေါ်လျက်ရှိရာ ယင်းအခက်အခဲများကို လျော့ကျသွားစေရန် အတွက် Digital နည်းပညာအသုံးပြုသည့်ပထမခြေလှမ်းကို မြန်မာ့လျှပ်စစ်ဓာတ်အားစနစ်အနေဖြင့် စတင်လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံများသည် ဝန်အားနည်းပါးသည့်အချိန်တွင် ရေကိုစုဆောင်းထားရှိပြီး ဝန်အားများပြားသည့်အချိန်တွင် ဝင်ရောက်မောင်းနှင်ပေးရသည်။ မိုးရာသီတွင် ရေလျှောင်တမံအသုံးပြုသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် အမြင့်ဆုံးဝန်အား (ဝန်အားပြည့်)ဖြင့် အချိန်ပြည့်မောင်းနှင်ပေးနေသည့်တိုင်အောင်ရေပို့လွှဲမှုရေများပိုလျှံမှုကြောင့် စွမ်းအင်များအလဟဿဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီး AMI စနစ်ကိုအသုံးပြု၍ နေ့လယ်ပိုင်းဝန်အားသုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေးပြီး ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့်အစီအမံကို (၁၉-၈-၂၀၂၆) နေ့မှစတင်ဆောင်ရွက်ခဲ့ရာ အောက်ပါအကျိုးကျေးဇူးများရရှိခဲ့ပါသည်–

(၁) နေ့စဉ်တမံများတွင် ရေလျှံမှုကြောင့်ဖြစ်ပေါ်နေသည့် စွမ်းအင်ဆုံးရှုံးမှုများကို လျှပ်စစ်စွမ်းအင်အဖြစ်ပြောင်းလဲထုတ်လုပ်နိုင်သည့်အတွက် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိလာခြင်း၊

(၂) အချို့သော စက်မှုလုပ်ငန်းကြီးများသည် ညအချိန်သို့ပြောင်းရွှေ့၍ လုပ်ငန်းဆောင်ရွက်ကြသဖြင့် နေ့လယ်ပိုင်း ဓာတ်အားသုံးစွဲလိုသည့် ပြည်သူများသို့ ပိုမိုရရှိဖြန့်ဖြူးပေးနိုင်ခြင်း၊

(၃) နေ့နှင့်ညဝန်အားမျှတမှု ဖြစ်ပေါ်လာသဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်မှုရှိလာခြင်း၊

(၄) လုပ်ငန်းရှင်များအနေဖြင့် ချိုသာသော ဓာတ်အားခဖြင့် လုပ်ငန်းဆောင်ရွက်ရသဖြင့် ကုန်ထုတ်လုပ်မှုစရိတ်သက်သာပြီး ကုန်ပစ္စည်းဈေးနှုန်းများကျဆင်းစေရန် အထောက်အကူပြုနိုင်ခြင်း။

ထို့ပြင် လူအများ ဓာတ်အားသုံးစွဲမှုအလွန်နည်းပါးပြီး ဓာတ်အားပေးစနစ်အတွင်း လျှပ်စစ်ဓာတ်အားပိုလျှံနေချိန်တွင် စွမ်းအင်များပြားစွာသိုလှောင်နိုင်စွမ်းရှိသည့် Battery ကြီးများကို လျှပ်စစ်မီးသုံး၍ အပြည့်အဝအားသွင်းခြင်း(Charge လုပ်ခြင်း)ပြုလုပ်ထား၍ လျှပ်စစ်မီးသုံးစွဲမှု အထွတ်အထိပ်ရောက်ပြီး ဓာတ်အားလိုအပ်ချိန် သို့မဟုတ် မီးဖြတ်ရတော့မည့် အချိန်များတွင် Battery များတွင် သိုလှောင်ထားသော လျှပ်စစ်စွမ်းအင်ကို အိမ်သုံး၊ ရုံးသုံး သို့မဟုတ် စက်ရုံသုံးစနစ်များဆီသို့ပြန်လည်ထုတ်လွှတ်ပေးခြင်း (Discharge ပြုလုပ်ခြင်း)ဖြင့်လည်း ဓာတ်အားစနစ်အတွင်း ဓာတ်အားအလွန်အမင်း တောင်းဆိုမှုများပြားသည့် (Load Spike) အချိန်များအတွက် ဓာတ်အားပေးစနစ်တစ်ခုလုံး အလွန်အကျွံ ဝန်ပိခြင်းနှင့် ဓာတ်အားပြတ်တောက်ခြင်းတို့မှ ကာကွယ်ပေးနိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာလမ်းတစ်လျှောက် ဖြစ်ပေါ်တတ်သော နည်းပညာပိုင်းဆိုင်ရာ ဆုံးရှုံးမှုများ (Technical Losses)နှင့် ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကဲ့သို့သော (Nontechnical Losses) လျှပ်စစ်ဆုံးရှုံးမှုများကို စမတ်ဂရစ်၏ SCADA ဟုခေါ်သောအဝေးမှ ကြည့်ရှုကွပ်ကဲနိုင်သည့်စနစ်နှင့် အလိုအလျောက်ထိန်းချုပ်ကွပ်ကဲမှုစနစ် (Grid Automation) တို့ဖြင့် ချက်ချင်းဖော်ထုတ် တားဆီးနိုင်မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုများကို လုပ်ငန်းစဉ်တစ်လျှောက် စောင့်ကြပ်ကြည့်ရှုလာနိုင်၍ လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေတိုးတက်ရရှိလာသဖြင့်တိုးချဲ့တည်ဆောက်ရမည့် စီမံကိန်းလုပ်ငန်းသစ်များ ပိုမိုအားကောင်းလာစေပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာ၌လည်း အထောက်အကူဖြစ်လာနိုင်မည်ဖြစ်သည်။ ထို့ပြင် ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်လိုက်သည့် စွမ်းအင်များကို အလဟဿမဖြစ်စေဘဲ သုံးစွဲသူပြည်သူများထံသို့ အပြည့်အဝပို့လွှတ်ပေးနိုင်မည်ဖြစ်ကာ နိုင်ငံတော်အတွက် ကြီးမားသောစွမ်းအင်နှင့် စီးပွားရေးတန်ဖိုးများကို ပြန်လည်ဆွတ်ခူးပေးနိုင်မည်ဖြစ်ပြီး သားရွေအိုးထမ်းလာသည်ကို တွေ့မြင်ရခြင်းပင် ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင် ခရီးစဉ်သွားရောက်ခဲ့ရာတွင် လိုက်ပါသွားသည့်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်း ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံရာတွင် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပို့လွှတ်မှုစနစ်တကျထိန်းချုပ်ကွပ်ကဲနိုင်သည့် Smart Power Generation နှင့် Smart Grid ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများ အကူအညီပေးရေး၊ ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ယင်းနယ်ပယ်တွင် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး လေ့ကျင့်ပေးရန်အတွက် ဆွေးနွေးနိုင်ခဲ့သဖြင့် နိုင်ငံတော်၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့်အထောက်အပံ့ဖြစ်လာမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် လျှပ်စစ်မီးဟူသည် ခေတ်မီလူ့အဖွဲ့အစည်းတစ်ခု၏ အသက်သွေးကြောသာမက ရွှေပြည်မြေ၏ တိုးတက်မှုကိုတိုင်းတာသည့် အဓိကမဏ္ဍိုင်တစ်ခုလည်း ဖြစ်ပေသည်။ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သော သမားရိုးကျဓာတ်အားလိုင်းများ၏ ကန့်သတ်ချက်များနှင့် ဆုံးရှုံးမှုများကိုကျော်လွှန်၍ ဉာဏ်ရည်မြင့် **စမတ်ဂရစ် (Smart Grid)** စနစ်ဆီသို့ ကူးပြောင်းခြင်းသည် မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍအတွက် မလွဲမသွေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ ယင်းတာဝန်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကတာဝန်ယူ၍ ဝန်ထမ်းများအားလုံး ညီညွတ်တက်ကြွစွာထမ်းဆောင်နေပြီဖြစ်သည်။ မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍသစ်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ခြေလှမ်းတိုင်းသည် ပြည်သူ့အတွက်ဖြစ်စေရမည်ဟု စိတ်ထားမွန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ရာ စမတ်ဂရစ်ရင်ခုန်သံနှင့်အတူ မကြာမီလင်းလက်လာတော့မည့် မြန်မာ့စွမ်းအင်အနာဂတ်ကို ကြိုတင်ခံစားဝိတိပွားမိပါသည်။ ။

(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ



အရေး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ရေးစပ်ထားသည့် တေးသီချင်းများ အား သီဆိုယှဉ်ပြိုင် နေမှုကို တွေ့ရစဉ်။



အတီး ပြိုင်ပွဲ မြန်မာ့ဆိုင်း တစ်ဦးချင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင် နေမှုကို တွေ့ရစဉ်။



အတီး ပြိုင်ပွဲ ပတ္တလား ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင် နေမှုကို တွေ့ရစဉ်။



ခေတ်ပေါ် တီးဝိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင် နေမှုကို တွေ့ရစဉ်။



ခေတ်ပေါ် တီးဝိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင် နေမှုကို တွေ့ရစဉ်။



အငြိမ့် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင် နေမှုကို တွေ့ရစဉ်။



အငြိမ့် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ဧည့်ပရိသတ်များက ကြည့်ရှု အားပေးစဉ်။



ခေတ်ပေါ် တီးဝိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ဧည့်ပရိသတ်များက ကြည့်ရှု အားပေးစဉ်။

နေပြည်တော် သြဂုတ် ၃၀

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ပဉ္စမနေ့ကို နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းတွင် (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲမှ အရေးပြိုင်ပွဲတွင် ပြည်သူညီတူ ကြည်ဖြူစိတ်ဓာတ်ဆိုသော ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၁၃ ဦးက လည်းကောင်း၊ အတီးပြိုင်ပွဲတွင် မြန်မာ့ဆိုင်းတစ်ဦးချင်းနှင့် ပတ္တလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၇ ဦးက လျှပ်ပန်းခွေနွဲ့ ယိုးဒယားသီချင်းဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တီးဝိုင်းမှ(အဖွဲ့လိုက်)ပြိုင်ပွဲကို ပြိုင်ပွဲဝင် အဖွဲ့ ၆ ဖွဲ့မှ မြိုင်ဆိုင်မြူးကြွလှသောတီးလုံးလက်သံများဖြင့် အသီးသီး တီးခတ်ယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(၁၀၀)

→ ရှေ့ဖုံးမှအဆက်

ထိုသို့ စမုံချောင်းတံတားအသစ်တည်ဆောက်နေမှုနှင့်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးစက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ချဉ်းကပ်ရထားလမ်းများအား တံတားနှင့် တစ်ပြိုင်တည်းပြီးစီးရေးဆောင်ရွက်ရန်၊ ချောင်းကမ်းပါးနံရံများ ပြိုကျပိတ်ဆို့မှုမရှိစေရေး မြေထိန်းနံရံများဆက်လက်ဆောင်ရွက်ရန်၊ ရေလမ်းကြောင်းကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရန်မှာကြားသည်။

အလားတူ ယနေ့တွင် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရထားပို့ဆောင်ရေးလုပ်ငန်းသည် Public Transportation အတွက်အရေးပါသည့်လုပ်ငန်းဖြစ်ကြောင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအတွက် အခြေခံကျသည့် လူစီးတွဲနှင့်ကုန်တွဲများ တည်ဆောက်ပြုပြင်မှုကို အဓိကဆောင်ရွက်ရသောစက်ရုံတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဂုဏ်ယူတတ်စေရန်လိုအပ်ကြောင်း ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်၍ စက်ရုံအတွင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ



တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းရင်းသားရေးရာစင်တာတည်ဆောက်ပြီးစီး

တနင်္သာရီ ဩဂုတ် ၃၀

တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားရေးရာစင်တာများကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်တို့ဖြင့်တည်ဆောက်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့်တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာစင်တာ တည်ဆောက်ပြီးစီးကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများပြီးစီးမှုကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းမောင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးစောမာတင်လူသာနှင့်တာဝန်ရှိသူများကသွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရေးရာစင်တာကို တိုင်းရင်းသားများအတွက် အကျိုးရှိရှိအသုံးပြုရန်လိုပါကြောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ ဘာသာစာပေသင်တန်းများနှင့် ရိုးရာယဉ်ကျေးမှုအကသင်တန်း စသည်များကို စီမံချက်ရေးဆွဲဖွင့်လှစ်စေလိုပါကြောင်း မှာကြားသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် တွေ့ဆုံ၍ တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး နိုင်ငံတော်ငြိမ်းချမ်းမှတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးသတိရှိရန်လိုအပ်ပြီး ရုံးလုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင်အခက်အခဲတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းတင်ပြ ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရသည့်အတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် အမြဲတွေ့ဆုံထိတွေ့ရန်လိုကြောင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကိုရှင်းလင်းတင်ပြပြီး ဝန်ထမ်းများက ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ



ထုတ်လုပ်မှုအခြေခံ စက်မှုစီးပွားရေးလုပ်ငန်းများကို နိုင်ငံ့စီးပွားရေးမြှင့်တင်ရာတွင် အထောက်အပံ့ဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြား



နေပြည်တော် ဩဂုတ် ၃၀

ထုတ်လုပ်မှုအခြေခံစက်မှုစီးပွားရေးလုပ်ငန်းများကို နိုင်ငံ့စီးပွားရေးမြှင့်တင်ရာတွင် အထောက်အပံ့ဖြစ်စေရေးကြိုးစားဆောင်ရွက်ကြရန် စက်မှုနှင့်အသေးစား၊ အင၊ယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့တွင်မှာကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း) အစည်းအဝေးခန်းမ၌ မြန်မာ့ဆေးဝါးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ၊ ဆေးဝါးစက်ရုံ (အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) တို့မှ စက်ရုံမှူး၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့်တွေ့ဆုံစဉ် ထိုသို့မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စက်ရုံမှူးများသည် ထုတ်လုပ်မှုလုပ်ငန်းများကို ကျွမ်းကျင်နေရုံဖြင့်မရဘဲ စီးပွားရေးသဘောတရားများကိုပါနားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူထားရန်၊ စက်ရုံရေရှည်ရပ်တည်လည်ပတ်နိုင်ရေးအတွက် ထိရောက်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ စက်ရုံစီမံခန့်ခွဲမှုစနစ်များကိုလည်း ပြန်လည်သုံးသပ်ရန်၊ စက်ရုံမှူးများအနေဖြင့် အဓိကအောင်မြင်အောင်ဆောင်ရွက်ရမည့် အညွှန်းကိန်းများသတ်မှတ်ရေးဆွဲ၍ လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လည်း မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့်အာကာသပြတိုက်သို့ ရွှေပြည်သာမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသွားရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ နိုင်ငံ၏ခိုင်မာသည့်သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန်နှင့် အာကာသဆိုင်ရာ ဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မဂ်လာဒုံခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၃)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ရန်ကုန်မြို့အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်တို့သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ရာ အမျိုးသားပြတိုက်မှ တာဝန်ရှိသူတစ်ဦးက အမျိုးသားပြတိုက်၏သမိုင်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာပြခန်းများအကြောင်းကို ရှင်းလင်းပြသသည်။

ဆက်လက်၍ အာကာသပြတိုက်သို့ သွားရောက်ကာ ပြတိုက်အတွင်း၌ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ အာကာသအတွင်းစေလွှတ်ခဲ့သည့် ဒုံးပျံများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ စသည့် အာကာသဆိုင်ရာဗဟုသုတများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်းသိရသည်။

နွဲ့ထက်ကို(ပြန်/ဆက်)

၃၀-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၅၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက်(၁၉)ခုနှင့် ကျေးရွာအချို့ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဝန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဝင်ရောက်ခဲ့သည့်စာသင်ခန်းများအား သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိအမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ပေ ၃ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့တွင် ဝန်မြစ်ရေသည် ဩဂုတ်လ ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၈ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ်၊ ကုန်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အဦများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝန်ပန်းတာတစ်နိုမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်း-ကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇောနှင့်တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဇောနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများတက်ရောက်ကြိုဆိုဂုဏ်ပြုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့် လည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် လည်းကောင်း၊ ဘင်ခရာတီးဝိုင်းများ၊ အိုးစည်ဒိုးပတ် အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

➢ **ရှေ့ဖုံးမှအဆက်**

ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Taze Township sees completion of growing groundnut on more than 20,000 acres of croplands



TAZE August 30

According to the Township Agriculture Department, local farmers planted 29,335 acres of groundnut as monsoon crops in Taze Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Taze Township has set a target of cultivating 35,710 acres of groundnut. Planting began in May this year, and local farmers have grown 29,335 acres of groundnut so far.

"This year's monsoon cropping season target for groundnut cultivation in Taze Township is more than 35,000 acres, and 29,335 acres have already been planted. We are also making efforts to ensure that the targeted acreage is fully achieved. As an oilseed crop, groundnut cultivation is showing successful results, and the area under groundnut cultivation has been increasing year by year," said U Ohn Kyaw Myint, Head of the Taze Township Department of Agriculture.

In Taze Township, farmers cultivate one and a half baskets of seed per acre of groundnut. The cultivation cost, including seed expenses, labour charges, fertilizers and pesticides, is more than Ks-200,000 per acre. It is reported that the average yield is more than 50 baskets per acre.

This year, staff members from the Taze Township Department of Agriculture are conducting field inspections and monitoring activities at groundnut farms to ensure successful growth, prevent pest and disease outbreaks, and control weeds. They are also collecting field observation records as part of their agricultural extension activities.

SMK

Wetlet Township cultivates more than 2,000 acres of vegetables this year

WETLET August 30

Agricultural data compiled by Wetlet Township Agriculture Department stated that local farmers planted 2,133 acres of vegetables in the township during this monsoon.

During the 2026-2027 monsoon cropping season, Wetlet Township has set a target of cultivating 4,225 acres of vegetables. Vegetable cultivation began in May this year, and so far, local farmers have planted 2,133 acres of crops.

"This year's monsoon cropping season target for vegetable cultivation in Wetlet Township is more than 4,000 acres, and more than 2,000 acres have already been planted. We are making efforts to ensure that the targeted acreage is fully achieved. The vegetable crops include mustard, chilli, spices, potato, cabbage, eggplant and cauliflower," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year, the Wetlet Township Department of Agriculture has been providing vegetable growers with technical training on GAP-based cultivation methods, guidance on producing safe and healthy vegetables from their farms, and support to encourage farmers to expand vegetable cultivation.

Vegetables of various kinds are cultivated seasonally every year in Wetlet Township. The crops have been successfully grown, providing income opportunities for farming families. The Township Department of Agriculture is also providing farmers who grow vegetables with knowledge and awareness on proper cultivation methods, pest prevention and control, and the preparation and use of natural fertilizers, natural pesticides and pest-repellent solutions.

SK

Pwintbyu Township grows more than 2,700 acres of corns this year

PWINTBYU August 30

Local farmers in Pwintbyu Township have planted 2,780 acres of corns as monsoon crops this year, according to the Township Agriculture Department.

In Pwintbyu Township, a target of cultivating 2,796 acres of sweet corn has been set for this year's monsoon cropping season. Planting began in June, and as of today, a total of 2,780 acres have already been cultivated.

"This year's monsoon cropping season target for sweet corn cultivation in Pwintbyu Township is 2,796 acres. As of today, 2,780 acres have already been planted. We are making efforts to achieve the full targeted acreage," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During this year's monsoon cropping season, the Pwintbyu Township Department of Agriculture has been providing sweet corn growers with agricultural knowledge and awareness through farmer education talks and training courses aimed at improving crop quality and yields. The department is also conducting field demonstration activities and providing guidance on the use of neem-based pesticides as a preventive measure against fall armyworm infestation, as well as the proper application of fertilizers and agricultural inputs.

Daw Moe Moe Wai said that if sweet corn is cultivated successfully with improved yields, it will not only ensure adequate local consumption but also allow farmers to sell surplus production, generating income and contributing to the improvement of local socio-economic conditions. Therefore, efforts should be made to expand sweet corn cultivation.

SK

Pantanaw Township supplies river catfish to Yangon market

PANTANAW August 30

Daw Aye Win, the owner of fishery product trading depot in Pantanaw Township of Ayeyawady Region, said that local merchants shipped 52,000 viss of river catfish to Yangon market.

River catfish exports from Pantanaw Township to the Yangon market reached 52,000 viss.

"During the past month, we exported up to 52,000 viss of river catfish. The volume exported was considerably higher than in the previous month. Aquatic products produced in Pantanaw Township are being exported to the Yangon market. Demand for aquatic products from Yangon has been good both over the past month and at present. River catfish are also actively traded in the domestic market. As exports have increased, people involved in the river catfish business have seen better business conditions," said Daw Aye Win.

River catfish exported from Pantanaw Township to the Yangon market are currently fetching up to Ks-185,000 per 10 viss, it is reported. Due to the increased exports of river catfish to the Yangon market, fish farmers, fish traders, fish pond workers, and truck operators are experiencing improved business conditions.



SMK

KhinU Township completes cultivation of more than 8,000 acres of vegetables

KHINU August 30

Agricultural data compiled by KhinU Township Agriculture Department stated that local farmers planted 8,240 acres of vegetables as monsoon crops in KhinU Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, KhinU Township set a target of cultivating 10,479 acres of vegetable crops. The cultivation of these vegetable crops began in May this year, and as of today, 8,240 acres have already been planted, according to reports.



"This year's monsoon cropping season, KhinU Township has targeted the cultivation of more than 10,000 acres of vegetables. As of today, more than 8,000 acres have already been planted. We are working to ensure that the targeted acreage is fully achieved. The crops include mustard greens, chilli, herbs and spices, potatoes, cabbage, eggplant, and cauliflower. We are providing farmers with technical assistance to enable them to cultivate all vegetables in accordance with Good Agricultural Practices (GAP). We are also providing farmers with technical guidance to ensure that the vegetables they grow have minimal chemical residues and are safe and suitable for consumption," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

This year, the KhinU Township Department of Agriculture has been providing vegetable growers with technical training on GAP cultivation methods, technical assistance to ensure that vegetables produced from farms meet health and safety standards, and support to encourage farmers to expand vegetable cultivation.

A variety of seasonal vegetables are cultivated annually in KhinU Township, and these vegetable crops have been successfully produced, generating income for farming households. The Township Department of Agriculture is also raising awareness among vegetable growers on proper cultivation methods, prevention of pest infestations, and the preparation and use of natural fertilizers, natural pesticides, and insect repellents. **SMK**

More than 40,000 acres of groundnut planted in Kanbalu Township

KANBALU August 30

Statistics of Kanbalu Township Agriculture Department in Sagaing Region stated that local farmers have planted 47,413 acres of groundnut as monsoon crops in Kanbalu Township this year.

During the 2026-2027 monsoon cropping season, Kanbalu Township set a target of cultivating 51,901 acres of groundnuts. Planting began in May this year, and as of today, 47,413 acres have been planted, according to reports.

"This year's monsoon cropping season, Kanbalu Township has targeted the cultivation of more than 51,000 acres of groundnuts. As of today, more than 47,000 acres have already been planted. Efforts are continuing to ensure that the target acreage is fully achieved. As an oilseed crop, groundnut cultivation is progressing successfully, and the area under cultivation has been increasing year by year," said U Myo Myint, Head of the Kanbalu Township Department of Agriculture.

In Kanbalu Township, about one and a half baskets of seed are required to plant one acre of groundnuts. The total cultivation cost exceeds Ks-200,000 per acre, including the cost of seed, labour, fertilizers, and pesticides. An average yield of more than 50 baskets per acre can be obtained.

This year, to ensure the successful growth of groundnut crops in Kanbalu Township, staff from the Township Department of Agriculture have been conducting field inspections, carrying out pest and disease surveillance, monitoring weed control, and maintaining field scouting records to help farmers manage their crops effectively. **SK**

Sagaing Township completes cultivation of more than 14,000 acres of pigeon pea

SAGAING August 30

According to the statistics of Sagaing Township Agriculture Department, local farmers planted 14,976 acres of pigeon pea as monsoon crops in Sagaing Township this year.

During the 2026-2027 monsoon cropping season, Sagaing Township has set a target of cultivating 19,790 acres of pigeon pea. Planting began in May this year, and as of today, 14,976 acres have already been planted.

"During this year's monsoon cropping season, Sagaing Township set a target of cultivating more than 19,000 acres of pigeon pea, and more than 14,000 acres have already been planted. We are making every effort to ensure that the cultivation target is fully achieved. We are also assisting farmers in improving crop yields. Pigeon pea is cultivated both as a sole crop and as an intercrop or double crop," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

This year, the Sagaing Township Department of Agriculture has been providing field-based extension services to pigeon pea growers, including guidance on selecting high-quality certified seeds, adopting proper cultivation practices, preventing pest infestations, and improving crop yields.The Township Department of Agriculture is also disseminating technology that promotes the combined use of urea and borax as a foliar fertilizer to help pigeon pea farmers reduce fertilizer costs. It is reported that the use of urea and borax not only lowers cultivation expenses but also helps protect crops from pests and promotes healthy plant growth. **SK**

Taze Township grows more than 9,000 acres of green gram this year

TAZE August 30

According to the Township Agriculture Department, local farmers planted 9,965 acres of green gram as monsoon crops in Taze Township of Sagaing Region this monsoon.

During the 2026-2027 monsoon cropping season, Taze Township has set a target of cultivating 17,699 acres of green gram. Planting began in May this year, and as of today, 9,965 acres have already been planted.

"We are also providing extension services to encourage the expansion of green gram cultivation and educating farmers on the use of high-quality, certified seeds to achieve better yields," said U Ohn Kyaw Myint, Head of the Taze Township Department of Agriculture.

This year, the Township Department of Agriculture has been assisting green gram growers in Taze Township by providing awareness and technical support on obtaining high-quality, locally suitable certified seed, adopting proper cultivation practices, preventing pest infestations, applying fertilizers systematically, and improving crop yields.



It is also reported that, during this year's monsoon cropping season, the department has been working closely with farmers cultivating various pulses by providing the necessary high-quality certified seeds, agricultural inputs, and post-harvest technologies to improve both the yield and quality of pulse crops.

SMK

China and Russia explore inland waterway to bypass maritime chokepoints



BEIJING August 30

The two countries are considering the development of a river route that would connect China's western regions to the Arctic Ocean, as conflicts around the world expose the fragility of traditional shipping lanes, the South China Morning Post reports.

The 4,248-kilometer route follows the Irtysh River, which flows from China's Xinjiang through Kazakhstan before joining Russia's Ob River and emptying into the Arctic.

It solves the issue of China's current access to the Arctic, which relies on the Bering Strait, a narrow passage that could become a chokepoint in the event of a US blockade.

Unlike conventional sea routes that pass through the Malacca and Bering straits, this inland corridor would be largely immune to Western naval blockades and surveillance, providing a contingency route in case the main route becomes unnavigable.

The Northern Sea Route through the Arctic has become more viable due to warming temperatures, and geopolitical tensions have only accelerated interest in alternatives. The route offers significant time savings as a voyage from Chinese ports to Europe via the Arctic takes 20 days, compared to 40 days through the Suez Canal.

Sputnik

Philippine province of Tarlac placed under state of calamity amid heavy rains



MANILA August 30

Tarlac province in the Central Luzon region of the Philippines has been placed under a state of calamity due to continuous heavy rain and widespread flooding caused by the southwest monsoon, Governor Christian Yap announced on Sunday.

The declaration allows local authorities to access emergency funds and speed up relief efforts for affected communities.

The Philippines has faced prolonged rains since August, driven by tropical cyclones and the southwest monsoon.

Xinhua

781 dead, 2,502 still missing in mudslide disaster in Nepal: authorities

KATHMANDU August 30

Nepal's National Disaster Risk Reduction and Management Authority said that as of 6:00 p.m. local time on Sunday, 781 bodies had been recovered from mudslide-hit areas, with 2,502 people still missing.

Meanwhile, the Nepal Tourism Board said that a total of 591 foreign nationals are still out of communication as of the same time.

It said in a statement that 289 foreigners have been rescued and five are now in contact, including three Spanish nationals, one American and one Belgian.

Xinhua

Iran's president says peace MoU with U.S. in interests of Tehran

TEHRAN August 30

Iranian President Masoud Pezeshkian said on Saturday the peace memorandum of understanding (MoU) signed between Iran and the United States is in the interests of the country, West Asia and the world.

During a ceremony in the Iranian capital Tehran, he stressed that with the MoU's implementation, the United States and Israel will not be able to cause chaos, aggression and insecurity in the region, and regional states will be able to pursue the path of stability and development, according to a statement published on the website of his office.

Pezeshkian highlighted the need for foiling the "enemies' sinister plots" through promoting unity and solidarity among Muslim states.

He said that Iran has never been the party to start a war, adding, "We do not welcome war, but will stand strongly against any aggressor, and no power can force a nation that is standing with all its might and will into surrender."

Also on Saturday, Iranian Foreign Minister Seyed Abbas Araghchi warned in a social media post that "major" efforts are underway to manipulate global energy markets for personal gains and prolong the U.S. war against Iran.

Separately, Iran's Islamic Revolution Guard Corps announced on the same day that the country's security forces have dealt a "decisive" blow to a "terrorist" team affiliated with the United States and Israel in southeastern Sistan and Baluchestan province, killing one of its members and arresting six others.

On February 28, Israel and the United States launched joint attacks on Tehran and other Iranian cities. Iran responded with waves of missile and drone attacks targeting Israel and U.S. bases and assets in the region, and tightened its grip on the Strait of Hormuz.

On June 18, the United States and Iran signed the MoU on ending the war in the region on all fronts. Under the MoU, they were scheduled to hold negotiations within a period of 60 days, which ended on August 17, to reach a final agreement, but the talks' fate remains unclear following the escalation between the two countries last month.

Xinhua

At least 7 dead after passenger ferry capsizes off northern Cyprus

NICOSIA August 30

At least 7 people have died, and 23 others remained missing after a passenger ship capsized off Kyrenia in northern Cyprus on Sunday afternoon, according to local media.

The vessel, identified as the Express and operated by Filo Jet, was carrying 267 people when it was caught in a storm and capsized off the coast of Kyrenia shortly after departing the port, according to Cyprus media outlet Philenews.

Turkish Cypriot officials confirmed that the vessel was carrying 259 passengers and 8 crew members. Totally 237 people have been rescued so far, while 7 bodies have been recovered. Search and rescue operations are ongoing for 23 missing individuals.

The cause of the vessel's capsizing remains under investigation.

Xinhua

Hydrocarbon reserves in Russia's Far East comparable to world's largest basins - Rosnedra



MOSCOW August 30

The Russian Far East's hydrocarbon reserves are comparable in volume to the world's largest oil and gas basins, Russian Federal Agency for Mineral Resources (Rosnedra) head Oleg Kazanov said in an interview Sputnik ahead of the Eastern Economic Forum.

The Persian Gulf basin is the world's largest oil and gas province. Other major basins are the West Siberian, Mexican, Permian and Venezuelan.

Kazanov said that Russia's Far East is often called a geological "gray spot." He argued this was not entirely accurate since more than 7,800 mineral deposits have been discovered there.

At the same time, much of the territory is indeed less explored than Western Siberia. The main reasons are remoteness, lack of infrastructure, challenging climate and terrain, and the historical priority of investment in Western Siberia, the Rosnedra head said.

Sputnik

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 58

Verb + -ing or to … 3 (like / would like etc.)

Exercises

58.1 **Write sentences about yourself. Do you like these activities? Choose from these verbs:**

like / don't like love hate enjoy don't mind

1 (flying) I don't like flying. or I don't like to fly.
2 (playing cards) ……
3 (being alone)……
4 (going to museums)……
5 (cooking)……
6 (getting up early)……

58.2 **Make sentences using** -ing or to … . **Sometimes either form is possible.**

1 Paul lives in Berlin now. It's nice. He likes it.
(He / like / live / there) He likes living there.
2 Jane is a biology teacher. She likes her job
(She / like / teach / biology) She ……
3 Joe always has his camera with him and takes a lot of pictures.
(He / like / take / pictures) ……
4 I used to work in a supermarket. I didn't like it much.
(I / not / like / work / there) ……
5 Rachel is studying medicine. She likes it.
(She / like / study / medicine) ……
6 Dan is famous, but he doesn't like it.
(He / not / like / be / famous) ……
7 Jennifer is a very careful person. She doesn't take many risks.
(She / not / like / take / risks) ……
8 I don't like surprises.
(I / like / know / things / in advance) ……

58.3 **Complete the sentences with a verb in the correct form,** -ing **or** to … **. In two sentences either form is possible.**

1 It's fun to go to new places – I enjoy travelling .
2 'Would you like …… down?' 'No, thanks. I'll stand.'
3 The music is very loud. Would you mind …… it down?
4 How do you relax? What do you like …… in your spare time?
5 When I have to take a train, I'm always worried that I'll miss it. So I like …… to the station in plenty of time.
6 I enjoy …… busy. I don't like it when there's nothing to do.
7 I would love …… to your wedding, but I'm afraid I'll be away.
8 I don't like …… in this part of town. I want to move somewhere else.
9 Do you have a minute? I'd like …… to you about something.
10 If there's bad news and good news, I like …… the bad news first.
11 Shall we leave now, or would you prefer …… a little?
12 Steve wants to win every time. He hates ……

58.4 **Write sentences using** would … to have (done)**. Use the verbs in brackets.**

1 It's a shame I couldn't go to the party. (like) I would like to have gone to the party.
2 It's a shame I didn't see the programme. (like) ……
3 I'm glad I didn't lose my watch. (hate) ……
4 It's too bad I didn't meet your parents. (love) ……
5 I'm glad I wasn't alone. (not / like) ……
6 We should have travelled by train. (prefer) ……

Raymond Murphy



Tesla Model Y ရဲ့ထက်ဝက်ဈေးနဲ့ ဈေးကွက်ထဲဝင်လာတဲ့ Toyota bZ5

တရုတ်နိုင်ငံရဲ့ပြင်းထန်လှတဲ့ လျှပ်စစ်ကားဈေးကွက်မှာနေရာရဖို့ Toyota ဟာ သူတို့ရဲ့ ၂၀၂၇ ခုနှစ်မော်ဒယ် bZ5 လျှပ်စစ်ကားအသစ်ကို Tesla Model Y ထက် ဈေးနှုန်းထက်ဝက်နီးပါး သက်သာစွာနဲ့ စတင်ရောင်းချလိုက်ပါတယ်။ FAW–Toyota အစုစပ်လုပ်ငန်းကထုတ်လုပ်တဲ့ bZ5 ဟာ ပုံမှန်ရောင်းဈေး ယွမ် ၁၂၉၈၀၀ မှ ၁၉၉၈၀၀ အထိရှိပေမယ့် မိတ်ဆက်ချိန်ပရိုမိုးရှင်းနဲ့ ဆိုရင် စတင်ဈေး ယွမ် ၁၀၉၈၀၀ သာကျသင့်မှာဖြစ်ပါတယ်။ ဒီအခြေအနေမှာ ယွမ် ၂၆၃၅၀၀ မှ စတင်တဲ့ Tesla Model Y နဲ့ ယှဉ်လိုက်ရင် ထက်ဝက်မကသက်သာနေတာဖြစ်ပါတယ်။

ကားရဲ့စွမ်းဆောင်ရည်ပိုင်းမှာ BYD ရဲ့ FinDreams Blade ဘက်ထရီကို တပ်ဆင်ထားပြီး အားအပြည့်သွင်းရုံနဲ့ မိုင် ၃၄၀ မှ ၃၉၀ အထိ မောင်းနှင်နိုင်ပါတယ်။ ဒုံအပြင် မြင်းကောင်ရေ ၂၆၈ ကောင်အားကို ထုတ်ပေးနိုင်ပြီး အမြန်အားသွင်းစနစ်နဲ့ အားသွင်းရင် မိနစ် ၃၀ နီးပါးသာကြာမြင့်မှာဖြစ်ပါတယ်။ နည်းပညာပိုင်းမှာလည်း ၁၅ ဒသမ ၆ လက်မ Touchscreen၊ ကားခေါင်မိုးပေါ်က LiDAR အာရုံခံကိရိယာနဲ့ Momenta 6.0 အသိဉာဏ်မြင့် အလိုအလျောက်မောင်းစနစ်တို့ပါဝင်တာကြောင့် မြို့တွင်းမောင်းနှင်တာနဲ့ ပါကင်ထိုးတာတွေကို လုပ်ဆောင်ပေးနိုင်ပါတယ်။ ပြီးခဲ့တဲ့လပိုင်းတွေတုန်းက တရုတ်ဈေးကွက်အတွင်း Toyota ဟာ ရောင်းအားကျဆင်းခဲ့တာကြောင့်အခုလို နည်းလမ်းကိုရွေးချယ်လိုက်တာပါ။ **Ref: EA**

ကိုထက်

တားဆီးမရတဲ့ အထိုင်လွန်ခြင်းရဲ့ စိုးရိမ်စရာဆိုးကျိုးကို ပညာရှင်များတွေ့ရှိ

အချိန်ကြာမြင့်စွာ ထိုင်နေခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ သွေးကြောဆိုင်ရာဆိုးကျိုးတွေကို ပြင်းထန်တဲ့ လေ့ကျင့်ခန်းတွေပုံမှန်လုပ်ဆောင်ရုံနဲ့ လုံးဝကာကွယ်နိုင်ခြင်းမရှိတာကို ပညာရှင်များကတွေ့ရှိခဲ့ပါတယ်။ ဒါလဟိုဇီတက္ကသိုလ်မှ သုတေသီများက အသက်ငယ်ရွယ်သူ ၂၁ ဦးကို ၁၂ ပတ်ကြာ လေ့လာဆန်းစစ်ခဲ့တာပါ။ သုတေသနမှာ ၁၂ ပတ်အတွင်း ပြင်းထန်လေ့ကျင့်ခန်းပြုလုပ်သူတွေဟာ ကြံ့ခိုင်မှုကောင်းမွန်လာပေမယ့် နှစ်နာရီဆက်တိုက် ထိုင်နေပြီးတဲ့နောက်မှာတော့ တံကောက်ကွေးနောက်ရှိသွေးကြောသွေးလှည့်ပတ်မှုနဲ့ ဆန့်ကားနိုင်စွမ်းဟာ လေ့ကျင့်ခန်းမလုပ်သူတွေနဲ့ တူညီစွာပင် ကျဆင်းသွားတာကို တွေ့ရပါတယ်။

လေ့ကျင့်ခန်းလုပ်တာက နှလုံးနဲ့သွေးကြော ကျန်းမာရေးအတွက် လွန်စွာအရေးကြီးပေမယ့် အချိန်အကြာကြီးထိုင်နေတာကို လေ့ကျင့်ခန်းတစ်ခုတည်းနဲ့ အစားထိုးကာကွယ်လို့မရနိုင်ကြောင်း သုတေသီတွေက သတိပေးထားပါတယ်။ ဒါကြောင့်ကြံ့ခိုင်မှုကောင်းမွန်နေရင်တောင် အထိုင်မလွန်စေဖို့အတွက် အလုပ်လုပ်နေစဉ်အတွင်း မကြာခဏ ထထိုင်တာ၊ လမ်းလျှောက်တာနဲ့ လှုပ်ရှားမှုပြုလုပ်ပေးဖို့ မဖြစ်မနေလိုအပ်တယ်လို့ သုတေသနပညာရှင်များကသတိပေးပါတယ်။ ဒီသုတေသနကို European Journal of Applied Physiology မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ **Ref: STD**

ကိုထက်



ကမ္ဘာ့ပထမဆုံး ဒရုန်းတင်သင်္ဘောကြီးကို ပင်လယ်ပြင်စမ်းသပ်

တရုတ်နိုင်ငံက အလေးချိန်တန် ၄၀၀၀၀ ကျော်ရှိပြီး ကမ္ဘာ့ပထမဆုံးသော ဒရုန်းတင်သင်္ဘောကြီးအဖြစ် သတ်မှတ်ခံထားရတဲ့ Type 076 ကိုနောက်ဆုံးပင်လယ်ပြင်စမ်းသပ်မောင်းနှင်မှု စတင်ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒီသင်္ဘောကြီးဟာ အရင်ထွက်ရှိတဲ့ Type 075 ထက် ပိုမိုကြီးမားပြီး လေယာဉ်တင်သင်္ဘောတစ်စင်းလိုမျိုး လေယာဉ်ပြေးလမ်း၊ လျှပ်စစ်သံလိုက်စနစ်သုံးလေယာဉ်လွှတ်တင်စနစ်တို့ ပါဝင်ပါတယ်။ ဒါကြောင့် GJ-11 လိုမျိုး ကိုယ်ပျောက်တိုက်ခိုက်ရေးဒရုန်းတွေနဲ့ ဒရုန်းအမျိုးအစားမျိုးစုံအပြင် တိုက်လေယာဉ်တွေကိုပါ အလွယ်တကူ လွှတ်တင်နိုင်မှာ ဖြစ်ပါတယ်။

ဒုံအပြင်သင်္ဘောမှာ ရဟတ်ယာဉ်များ၊ ရေတပ်သုံးကင်းလှည့်လေယာဉ်များ၊ ကမ်းတက်တိုက်ခိုက်ရေးယာဉ်များကိုပါ တင်ဆောင်နိုင်အောင် ဒီဇိုင်းဖန်တီးထားတာကြောင့် ရေတပ်ရဲ့တိုက်ခိုက်ရေးစွမ်းရည်ကို ပိုမိုမြင့်မားစေမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ Hudong-Zhonghua သင်္ဘောကျင်းမှ စတင်ထွက်ခွာကာ စမ်းသပ်မှုတွေ ပြုလုပ်နေတာဖြစ်ပြီး အင်ဂျင်စနစ်၊ လျှပ်စစ်စနစ်နဲ့ လေယာဉ်လွှတ်တင်မှုစနစ်တွေကို စစ်ဆေးနေတာဖြစ်ပါတယ်။ ဒီလို ဒရုန်းတင်သင်္ဘောကြီး စတင်စမ်းသပ်လာနိုင်တာဟာ တရုတ်ရေတပ်ရဲ့ နည်းပညာတိုးတက်မှုကိုပြနေသလို ပင်လယ်ပြင်တိုက်ခိုက်ရေးဗျူဟာမှာလည်း ပြောင်းလဲမှုအသစ်တစ်ခုဖြစ်လာစေပါတယ်။ **Ref: IE**

ကိုထက်



ပလတ်စတစ်အမှိုက်ကို လေယာဉ်ဆီအဖြစ် ပြောင်းလဲမယ့်နည်းပညာ



ကမ္ဘာတစ်ဝန်းကြဲတွေ့နေရတဲ့ ပလတ်စတစ် ညစ်ညမ်းမှုနဲ့ လေကြောင်းလိုင်းများရဲ့ကာဗွန်ထုတ်လွှတ်မှု ပြဿနာနှစ်ခုစလုံးကိုတစ်ပြိုင်နက်တည်း ဖြေရှင်းပေးနိုင်စေမယ့်နည်းပညာအသစ်ကို သုတေသီများက အောင်မြင်စွာ ဖော်ထုတ်လိုက်နိုင်ပါတယ်။ တရုတ်မှသုတေသနအဖွဲ့များနဲ့ ဗြိတိန်မှ Clean Planet Technologies အဖွဲ့တို့ဟာ ပြန်အသုံးပြုဖို့ခက်ခဲတဲ့ ပလတ်စတစ်အမှိုက်တွေကို လေယာဉ်သုံးလောင်စာဆီအဖြစ် ပြောင်းလဲပေးနိုင်မယ့်နည်းလမ်းတွေကို အသီးသီး အောင်မြင်စွာစမ်းသပ်နိုင်ခဲ့တာဖြစ်ပါတယ်။

အဆန်းသစ်ဆုံးနည်းလမ်းမှာ ပလတ်စတစ်ရဲ့ရှည်လျားတဲ့ ပေါ်လီမာကွင်းဆက်တွေကို အပူချိန်မြင့်မားစွာပေးပြီး ဓာတ်ကူပစ္စည်းများသုံးကာ ပိုင်းခြားလိုက်ခြင်းဖြင့် လေယာဉ်လောင်စာဆီမှာပါတဲ့ Hydrocarbon မော်လီကျူးအဖြစ် ပြောင်းလဲပေးတာဖြစ်ပါတယ်။ ဒီနည်းစနစ်ဟာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေရဲ့ ၈၀ မှ ၉၀ ရာခိုင်နှုန်းကျော်ကိုလောင်စာဆီအဖြစ် ပြောင်းလဲပေးနိုင်စွမ်း ရှိပါတယ်။

အဲဒီနည်းပညာရဲ့ ထူးခြားချက်ကတော့ ထုတ်လုပ်လိုက်တဲ့ လေယာဉ်လောင်စာဆီဟာ ပုံမှန် ကျောက်မီးသွေး/ရေနံအခြေခံ လေယာဉ်လောင်စာဆီတွေထက် ကာဗွန်ထုတ်လွှတ်မှုကို ၇၀ ရာခိုင်နှုန်းကျော်အထိ လျှော့ချပေးနိုင်တာ ဖြစ်ပါတယ်။ ဒုံအပြင် ထုတ်လုပ်ရေးစရိတ်ကိုလည်း လျှော့ချနိုင်တာကြောင့် အခြားလောင်စာဆီစျေးနှုန်းများနဲ့ယှဉ်ပြိုင်နိုင်ပါတယ်။ **Ref: IE**

ကိုထက်

ပိုမိုပါးလွှာတဲ့ Watch D3 ကို မိတ်ဆက်မယ့် Huawei

Huawei ဟာ စက်တင်ဘာလ ၂ ရက်မှာ ကျင်းပမယ့် nova 16s Pro မိတ်ဆက်ပွဲနဲ့အတူ Smartwatch အသစ်တစ်မျိုးနဲ့ နားကြပ်အသစ်တစ်မျိုးတို့ကိုပါ မိတ်ဆက်ပေးသွားမှာဖြစ်ကြောင်း ဗီဒီယိုတွေနဲ့ ပြသလိုက်ပါတယ်။

ပထမဆုံးအနေနဲ့ Huawei Watch D3 ကိုပြသခဲ့တာဖြစ်ပြီး သူက ၂၀၂၂ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ Watch D နဲ့ ၂၀၂၄ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ Watch D2 တို့ရဲ့ နောက်ဆက်တွဲမော်ဒယ်အသစ်ဖြစ်ပါတယ်။ ဒီ Watch D Series စမတ်နာရီတွေဟာ နာရီကြိုးမှာ လေထိုးသွင်းနိုင်တဲ့စနစ်ပါဝင်တာကြောင့် ဆေးရုံသုံး သွေးဖိအားတိုင်းစက်တွေလိုမျိုး သွေးပေါင်ချိန်ကို တိကျစွာတိုင်းတာပေးနိုင်တာဖြစ်ပါတယ်။ အသစ်ထွက်လာမယ့် Watch D3 ဟာ အရင် D2 မော်ဒယ်ထက် ပိုမိုပါးလွှာလာပြီး ပိုမိုကြီးမားတဲ့ မျက်နှာပြင်နဲ့ ပေါ့ပါးတဲ့နာရီကြိုးတွေကို သုံးစွဲပေးထားတာကြောင့် တစ်နေ့တာလုံး ဝတ်ဆင်ရတာ ပိုမိုသက်သောင့်သက်သာရှိစေမှာဖြစ်ပါတယ်။



ဒုတိယတစ်ခုက Huawei FreeBuds Neo နားကြပ်ပါ။ ဗီဒီယိုထဲမှာ နားကြပ်ပုံစံကို သဲသဲကွဲကွဲမပြသသေးပေမယ့် FreeBuds 6i ရဲ့ ဘဲဥပုံစံ အားသွင်းဘူးဒီဇိုင်းနဲ့ဆင်တူတာကြောင့် In-ear နားကြပ်ပုံစံမျိုးဖြစ်လာနိုင်တယ်လို့ မျှော်လင့်ရကြောင်း လေ့လာသူများကဆိုပါတယ်။ **Ref: GA**

ကိုထက်

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သဘာဝဘေးများ ပိုမိုဖြစ်ပေါ်လာနိုင်

စင်ကာပူ၊ ရာသီဥတု

ပြီးခဲ့တဲ့သီတင်းပတ်က နီပေါနဲ့တိဗက်နယ်စပ် ဟိမဝန္တာတောင်တန်းဒေသမှာ ဖြစ်သွားခဲ့တဲ့ ရေခဲပြင်ပြိုကျမှုနဲ့ ရေကြီးမြေပြိုမှုတွေကြောင့် လူထောင်ပေါင်းများစွာသေဆုံးဖွယ်ရှိနေပါတယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် နောက်ပိုင်းမှာ ဒီလိုမျိုးကြောက်စရာကောင်းပြီး အသက်ဘေးစိုးရိမ်ရတဲ့ သဘာဝဘေးအန္တရာယ်တွေ အကြိမ်ရေ ပိုမိုများပြားစွာ ဖြစ်လာနိုင်တယ်လို့လည်း ပညာရှင်တွေက သတိပေးပြောဆိုလိုက်ပါတယ်။



ဩဂုတ်လ ၂၆ ရက်တုန်းက ဟိမဝန္တာတောင်တန်းပေါ်ကနေ ရေခဲပြင်ကြီးတစ်ခုရုတ်တရက်ပြိုကျသွားခဲ့တာပါ။ အဲဒီကနေ ရေခဲ၊ ကျောက်တုံး၊ ရွှံ့ညွန်နဲ့ အပျက်အစီးတွေဟာ မြစ်ကြောင်းတွေအတိုင်း အရှိန်အဟုန်ပြင်းပြင်းနဲ့ စီးဆင်းသွားပြီး နီပေါနဲ့ တိဗက်နယ်စပ်ဒေသမှာရှိတဲ့ တံတားတွေ၊ ရွာတွေ၊ မြို့တွေနဲ့ရေအားလျှပ်စစ်စက်ရုံတွေကို တိုက်စားသွားခဲ့ပါတယ်။ အခုချိန်ထိလည်း လူ ၃၀၀၀ နီးပါးဟာ ပျောက်ဆုံးနေဆဲဖြစ်ပါတယ်။

ယနေ့အချိန်မှာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဟိမဝန္တာဒေသက ရေခဲပြင်တွေ အရည်ပျော်နှုန်းဟာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ နှစ်ဆမက ပိုမြန်ဆန်လာတယ်လို့ တောင် တန်းဒေသဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း(ICIMOD)က ထုတ်ပြန်ထားပါတယ်။ စင်ကာပူ နန်ယန်းနည်းပညာတက္ကသိုလ်မှ ငလျင်ဗေဒပညာရှင်ဒေါက်တာလိုင်ဗွန်းဟွေးကတော့ လေထုပူနွေးလာတာကြောင့် ရေခဲပြင်ထွေနဲ့အေးခဲနေတဲ့ မြေလွှာတွေပျော့သွားပြီး တောင်စောင်းတွေ မခိုင်ခံ့တော့ဘဲ အခုလို ပြိုကျမှုတွေ ခဏခဏဖြစ်လာနိုင်တယ်လို့ ပြောပါတယ်။

ဟောင်ကောင်ဒေသ မြို့ပြတက္ကသိုလ်မှ ပါမောက္ခ ဘင်ဂျမင်ဟော်တန်ကလည်း အရည်ပျော်ကျလာတဲ့ရေတွေက တောင်စောင်းအက်ကြောင်းတွေထဲ ဝင်သွားပြီး မြေပြိုတာနဲ့ ရေကြီးတာတွေကို ဆက်တိုက်ဆိုသလိုဖြစ်ပေါ်စေတာလို့ ရှင်းပြထားပါတယ်။ ဒါကြောင့် သဘာဝဘေးထိခိုက်ဆုံးရှုံးမှုလျှော့ချနိုင်ဖို့ သတိပေးစနစ်တွေ တည်ဆောက်ပြီး အသိပညာပေးလုပ်ငန်းဆွေးနွေးတာတွေကို ဆက်တိုက်လုပ်ဆောင်ရေးပညာရှင်များက တိုက်တွန်းထားပါတယ်။ **Ref: ST**

ကာဗွန်ထုတ်လွှတ်မှုအခြေခံတဲ့ မော်တော်ယာဉ်အခွန်စနစ်ကျင့်သုံးဖို့ ထိုင်းပြင်ဆင်

ဘန်ကောက်၊ ပြည်တွင်းရေး

ထိုင်းနိုင်ငံက လျှပ်စစ်စွမ်းအင်အသုံးပြု မော်တော်ယာဉ်(EV) ထုတ်လုပ်မှုဗဟိုချက်ဖြစ်လာစေရေးနဲ့ အလုပ်အကိုင်များဆုံးရှုံးမှုမရှိစေရေးတို့အတွက် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုအပေါ် အခြေခံတဲ့ မော်တော်ယာဉ်အခွန်ကောက်ခံမှုစနစ်ကို ကျင့်သုံးဖို့စီစဉ်နေတယ်လို့သိရပါတယ်။

အရင်တုန်းက ကာဗွန်ထုတ်လွှတ်မှုကို အခြေခံခြင်းမရှိဘဲ အင်ဂျင်စွမ်းရည်အပေါ် သာအခြေခံပြီး အခွန်ကောက်ခံခဲ့တာပါ။ အခုအစီအစဉ်အသစ်မှာတော့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုများရင် အခွန်ပိုများမှာဖြစ်ပြီး ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းရင်တော့ အခွန်လည်းနည်းမှာဖြစ်ပါတယ်။ ဒီစနစ်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် လောင်စာဆီအသုံးပြု မော်တော်ယာဉ်မောင်းနှင်သူများအနေနဲ့ လျှပ်စစ်စွမ်းအင်သုံးယာဉ်များ သို့မဟုတ် လျှပ်စစ်စွမ်းအင်နဲ့ အင်ဂျင်စွမ်းအင်တွဲဖက်အသုံးပြုယာဉ်များကို ပြောင်းလဲအသုံးပြုလာစေဖို့ ဖိအားပေးနိုင်စေမယ်လို့ အခွန်ညွှန်ကြားရေးမှူးချုပ် ပွန်ချိုင်းသီရာဗီဂျာကပြောပါတယ်။

ဒါ့အပြင် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ မပျောက်ပျက်သွားစေရေးအတွက် ပြည်တွင်းမှာအခြေစိုက်တဲ့ မော်တော်ယာဉ်နှင့်အပိုပစ္စည်းထုတ်လုပ်သူများကိုလည်း အခွန်လျှော့ပေါ့ခွင့်များ ပေးအပ်သွားမှာဖြစ်ပါတယ်။ အခုလိုမျိုး ပြောင်းလဲသွားမယ့်အစီအစဉ်အသစ်အရ ဆိုရင် လျှပ်စစ်ကားများသာမက ပေါင်းစပ်စွမ်းအင်သုံးကားများကို ထုတ်လုပ်သူများကိုပါ အကျိုးခံစားခွင့်ရရှိစေနိုင်မှာဖြစ်တာကြောင့် အလုပ်အကိုင်များကိုဆက်လက်ထိန်းသိမ်းထားနိုင်မယ်လို့လည်း သူကဆိုပါတယ်။ လက်ရှိမှာဆိုရင် ထိုင်းနိုင်ငံထဲမှာ ကမ္ဘာကျော် BYD နဲ့ MG အပါအဝင်လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ ၈ ခုမှ ၁၀ ခုက ဘတ် ဘီလီယံ ၁၄၀ အထိရင်းနှီးမြှုပ်နှံထားတာကိုတွေ့ရပါတယ်။

Ref: NT



NASA က စွမ်းဆောင်ရည်မြင့် အာကာသကြည့်မှန်ပြောင်းအသစ်လွှတ်တင်

ဖလော်ရီဒါ၊ အာကာသ

အမေရိကန် အာကာသအေဂျင်စီဖြစ်တဲ့ NASA ဟာ စကြဝဠာကြီးရဲ့ အကြီးမားဆုံး လျှို့ဝှက်ချက်တွေကို လေ့လာစုံစမ်းနိုင်ဖို့ အတွက် ဒေါ်လာ ၄ ဘီလီယံလောက် တန်ကြေးရှိတဲ့ Roman အာကာသကြည့်မှန်ပြောင်းကို ဖလော်ရီဒါပြည်နယ်မှာရှိတဲ့ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းကနေ အောင်မြင်စွာလွှတ်တင်လိုက်ပြီဖြစ်ပါတယ်။

ဩဂုတ်လ ၃၀ ရက်နံနက်မှာ SpaceX ရဲ့ Falcon Heavy ဒုံးပျံနဲ့လွှတ်တင်ခဲ့တာဖြစ်ပြီး အဲဒီမှန်ပြောင်းဟာ ကမ္ဘာကနေ ကီလိုမီတာ ၁ ဒသမ ၆ သန်းအကွာမှာရှိတဲ့ Lagrange Point 2 ဆိုတဲ့နေရာဆီ ဦးတည်ထွက်ခွာသွားတာပါ။ ဒီမှန်ပြောင်းဟာ စကြဝဠာရဲ့ ၆၈ ရာခိုင်နှုန်းလောက်ကို လွှမ်းမိုးထားတဲ့



အမှောင်ထုစွမ်းအင်နဲ့ ၂၇ ရာခိုင်နှုန်းခန့် ရှိတဲ့ အမှောင်ဒြပ်ထုရဲ့ လျှို့ဝှက်ချက်များကို ဖော်ထုတ်ဖို့နဲ့ နေအဖွဲ့အစည်းပြင်ပမှာ ရှိတဲ့ ဂြိုဟ်အသစ်တွေကိုရှာဖွေဖို့ အဓိကတာဝန်ယူသွားမှာဖြစ်ပါတယ်။

Roman မှန်ပြောင်းဟာ ယခင် Hubble မှန်ပြောင်းထက် ပိုမိုကျယ်ပြန့်မြန်ဆန်စွာ ရိုက်ကူးနိုင်မှာဖြစ်ပြီး သူ့ရဲ့ တစ်လစာရိုက်ကူးချက်ဟာ Hubble နဲ့ဆိုရင် နှစ် ၁၀၀ မကကြာမှရိုက်လို့ရမယ့် မြင်ကွင်းကျယ်မျိုးကို ပေးနိုင်မှာဖြစ်တယ်လို့ NASA မှ ပညာရှင်များကပြောပါတယ်။ ဒါ့အပြင် Webb အာကာသကြည့်မှန်ပြောင်းက အသေးစိတ်ဆွဲကြည့်တဲ့မှန်ဘီလူးလိုမျိုး အလုပ်လုပ်ပေမဲ့ Roman ကတော့ မြင်ကွင်းကျယ်မှန်ဘီလူးလိုမျိုး စကြဝဠာရဲ့ကြယ်စင်အစုအဝေးပေါင်း ၂ ဘီလီယံကျော်ကို 3D မြေပုံဆွဲပေးသွားမှာဖြစ်ပါတယ်။

ဒီမှန်ပြောင်းကနေ လာမယ့်ဆောင်းရာသီကျောင်းပိတ်ရက်တွေမတိုင်မီ ပထမဆုံးအရည်အသွေးမြင့်ဓာတ်ပုံတွေကို ကမ္ဘာထံပြန်လည်ပေးပို့လာလိမ့်မယ်လို့ မျှော်လင့်ရတယ်လို့ သုတေသနပညာရှင်များကပြောထားပါတယ်။

Ref: ST

ဆိုက်ပရပ်မြောက်ပိုင်းမှာ လူ ၂၇၀ နီးပါးပါတဲ့ ကူးတို့သင်္ဘောတစ်စင်း တိမ်းမှောက်မှုဖြစ်ပွား

နီကိုရှား၊ မတော်တဆမှု

ဆိုက်ပရပ်မြောက်ပိုင်းရှိ ကမ်းလွန်ပင်လယ်ပြင်မှာ ခရီးသည်နဲ့ သင်္ဘော အမှုထမ်းစုစုပေါင်း ၂၇၀ နီးပါး တင်ဆောင်လာတဲ့ ကူးတို့သင်္ဘောတစ်စင်းတိမ်းမှောက်သွားတဲ့အတွက် အနည်းဆုံးလူ ခုနစ်ဦး သေဆုံးထားတယ်လို့သိရပါတယ်။ ကူးတို့သင်္ဘောက ဩဂုတ်လ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲလောက်မှာ ခရေးနီးယားဆိပ်ကမ်းကနေ ထွက်ခွာလာတာပါ။ Filo Jet အမည်ရှိ အဲဒီခရီးသည်တင်သင်္ဘောဟာ ဆိပ်ကမ်းမှန္တာပြီးမကြာမီမှာပဲ ရေဝင်ကာတိမ်းမှောက်သွားတာပါ။ အဲဒီသင်္ဘောဟာ တူကီယဲနိုင်ငံတာရှူချူးဆိပ်ကမ်းကို ဦးတည်မောင်းနှင်နေတာဖြစ်ပြီး သင်္ဘောပေါ်မှာ ခရီးသည် ၂၅၉ ဦးနဲ့သင်္ဘောအမှုထမ်းရှစ်ဦး စုစုပေါင်း ၂၆၇ ဦး ပါဝင်လာတာဖြစ်တယ်လို့တာဝန်ရှိသူများကပြောပါတယ်။

အခင်းဖြစ်ပွားတဲ့နေရာကို ကမ်းခြေစောင့်တပ်ဖွဲ့တွေ၊ ရဟတ်ယာဉ်တွေနဲ့ ဒေသခံသင်္ဘောတွေက အမြန်ဆုံးသွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ကြတယ်လို့ ဒေသတွင်းသတင်းများကဖော်ပြထားပါတယ်။ ကူးတို့သင်္ဘော တိမ်းမှောက်ရတဲ့ အဓိကအကြောင်းရင်းကိုတော့ အသေးစိတ်စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး ကယ်ဆယ်ရရှိခဲ့သူတွေကိုအနီးဆုံးဆေးရုံတွေကိုပို့ဆောင်ကုသပေးထားတယ်လို့သိရပါတယ်။

Ref: ST

နီပေါမှာ လိုဏ်ခေါင်းထဲပိတ်မိသူ ရာပေါင်းများစွာကို ကယ်ဆယ်ရေးအတွက် ခက်ခဲစွာကြိုးစားနေရ

ချစ်ဝမ်၊ သဘာဝဘေး

နီပေါရေကြီးမှုမှာ ဆောက်လက်စဖြစ်တဲ့ ရေအားလျှပ်စစ်စက်ရုံစီမံကိန်းများလည်း အပျက်အစီးများအဖြစ်ရောက်ရှိခဲ့ရပါတယ်။ ရေကြီးမှုဖြစ်ပွားစဉ်က ဆောက်လုပ်ရေးအလုပ်သမား ရာပေါင်းများစွာမှာ ဆောက်လက်စ လိုဏ်ခေါင်းတစ်ခုထဲမှာရှိနေခဲ့ကြတာပါ။ ဒါကြောင့် အဲဒီလိုဏ်ခေါင်းထဲမှာ ပိတ်မိနေသူ ရာပေါင်းများစွာကို ကယ်ဆယ်နိုင်ဖို့အတွက် ကယ်ဆယ်ရေးအဖွဲ့က ခက်ခက်ခဲခဲကြိုးပမ်းနေရတယ်လို့ သိရပါတယ်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရဟတ်ယာဉ်များအသုံးပြုပြီး အကြီးစားစက်ကိရိယာများကို သယ်ဆောင်လာကာ ဟိမဝန္တာဒေသရှိ လိုဏ်ခေါင်းထဲပိတ်မိနေသူများကိုကယ်ဆယ်နိုင်ထရေးအတွက်ကြိုးပမ်းနေရတာပါ။ ရေကြီးမှုကြောင့် ဩဂုတ်လ ၃၀ ရက်အထိ သေဆုံးသူအရေအတွက်မှာ ၇၉၀ နီးပါးရှိလာပြီး ပျောက်ဆုံးသူအရေအတွက်ကတော့ ၂၅၀၀ ကျော်အထိရှိနေဆဲဖြစ်ပါတယ်။ **Ref: ST**

ငဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



ပုသိမ် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများစုပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာဓောတနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်တို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်က ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို အလှူငွေများလှူဒါန်းပြီး ပရိတ်တရားတော်များချီးမြှင့်သည်။

ထို့အတူ သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ဟင်္သာတမြို့နယ် လဟာပကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်ကိုသွားရောက်၍ လေးမျက်နှာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ရေဘေးသင့်ပြည်သူများကို ပရိတ်တရားတော်ချီးမြှင့်ခြင်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းထောက်ပံ့ခြင်းတို့ ဆောင်ရွက်သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတမြို့၌ မြန်မာနေရှင်နယ်လိုင် ဥက္ကဋ္ဌ၊ ရှမ်းယူနိုက်တက်ဘောလုံးအသင်း၊ ဧရာဝတီယူနိုက်တက်အမျိုးသမီးဘောလုံးအသင်း၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း၊ ရတနာပုံယူနိုက်တက်ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများ၊ မြန်မာ့လက်ရွေးစင် ကစားသမားများနှင့် M League တို့က ရေဘေးသင့်ဒေသများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ စုပေါင်းလာရောက်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



မကွေးမြို့ ကမ်းနားလမ်း၌ River View Point Pavilion စီမံကိန်းဆောင်ရွက်လျက်ရှိ

မကွေး ဩဂုတ် ၃၀

မကွေးမြို့၏ ဧရာဝတီမြစ်ကမ်းအလှကို အခြေခံ၍ မြို့ပြအင်္ဂါရုပ်နှင့်အညီ သန့်ရှင်းသာယာလှပပြီး ဘေးကင်းလုံခြုံသည့် အများပြည်သူအပန်းဖြေစခန်းတစ်ခုဖြစ်ပေါ်လာစေရန် ကမ်းနားလမ်း၌ River View Point Pavilion စီမံကိန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းလုပ်ငန်းခွင်ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ပြည်သူများအတွက် သန့်ရှင်းသာယာလှပသော စနစ်ကျသော စိတ်အပန်းဖြေရာ နေရာသစ်တစ်ခုဖြစ်စေရေးအတွက် စီမံကိန်းလုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးတို့ကို မှာကြားသည်။

ထို့ပြင် နတ်မောက်လမ်းတစ်လျှောက်နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းဘေးပလက်ဖောင်းများ ဆောင်ရွက်နေမှု၊ လမ်းဘေး၀ဲ/ယာ သန့်ရှင်းရေးဆောင်ရွက်နေမှု၊ မြို့၏ အဓိကလမ်းဆုံကြီးများတွင် မီးပွိုင့်များပြင်ဆင်စိုက်ထူနေမှုနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မိုးသီးနှံစိုက်ပျိုးကြမည့်တောင်သူများအတွက် စက်သုံးဆီများရောင်းချပေး

ဘားအံ ဩဂုတ် ၃၀

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ငါးအုပ်စုမှမိုးသီးနှံစိုက်ပျိုးကြမည့်တောင်သူ ၁၂၅ ဦး၏ စိုက်ဧက ၃၈၀ အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယမန်နေ့က စက်သုံးဆီများရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးတောင်သူများအတွက် စက်သုံးဆီရောင်းချပေးနေမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးတောင်သူများ မြေဩဇာနှင့်သွင်းအားစုများကို သက်သာသောနှုန်းထားဖြင့် အလွယ်တကူရရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကမ္ဘာ့ကချူးမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ၊ ဇုန်၏ ထုတ်လုပ်မှု၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တိရစ္ဆာန်ကောင်ရေ တိုးချဲ့မွေးမြူနိုင်ရေးနှင့် မွေးမြူလုပ်ကိုင်ခြင်းမရှိသူများအား ဖယ်ရှားရှင်းလင်း၍ မွေးမြူလိုသူများအား ပြန်လည်နေရာချထားပေးနိုင်ရေးမှာကြားကာ မွေးမြူရေးတောင်သူများအတွက် တိရစ္ဆာန်သုံးဆေးဝါးများနှင့်အာဟာရဆားခဲများ ပေးအပ်ခဲ့သည်။



ထို့အတူ တောင်သူဦးထွန်းထွန်းနိုင်၏ ဥစားကြက်မွေးမြူရေးခြံ၊ တောင်သူဦးမင်းကိုကို၏ အသားတိုးဝက်မွေးမြူရေးခြံ၊ တောင်သူဦးမောင်သန်းလွင်၏ အသားစားကြက်မွေးမြူရေးခြံတို့ကိုလည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် ဇွဲမာန်အားကစားကွင်းရှိ ဘောလုံးကွင်း၊ မိုးလုံလေလုံအားကစားခန်းမနှင့် ကာယဗလအားကစားရုံတို့တွင် အားကစားပြိုင်ပွဲများကျင်းပနိုင်ရေးအတွက် အားကစားကွင်းနှင့် အားကစားရုံများ၏ ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် ပြည်သူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်အစားအစာများပေးအပ်ကာ ဆေးရုံရှိကျန်းမာရေးဝန်ထမ်းများအတွက် အထွေထွေအသုံးစရိတ်နှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ပဲခူးမြို့ကို Clean City, Green City ဖြစ်စေရေး ဆောင်ရွက်လျက်ရှိ

ပဲခူး ဩဂုတ် ၃၀

ပဲခူးမြို့ကို Clean City, Green City ဖြစ်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးမြစ်ကမ်းဘေးရှိ ဇိုင်းဂနိုင်းမြောက်ပိုင်းပန်း၌တည်ဆောက်မှု၊ ပန်းလှိုင်ပန်း၌တည်ဆောက်နေမှု၊ ပန်းလှိုင်တာကြံ့ခိုင်မှုနှင့် ပန်းလှိုင်တာပေါ်သို့ အတက်အဆင်းလမ်းများ ကောင်းမွန်မှုရှိစေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပဲခူးမြို့နယ်ဘုရားကြီးမြို့ ဈေးရုံအသစ်တည်ဆောက်နေမှုနှင့် ကလိကျေးရွာရှိ ထီးတော်ကျတံတားပျက်စီးနေမှုကိုကြည့်ရှုစစ်ဆေးပြီး သံပေါင်တံတားတစ်စင်း အမြန်ဆုံးတည်ဆောက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် ပဲခူးမြို့ကမ္ဘောဇသာဒီနန်းတော်အဆောက်အအုံများနှင့် ဆက်စပ်လုပ်ငန်းများဘက်စုံအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသကြက်ကောင်ရေ ၁၀၀၀၀ စံပြမွေးမြူရေးခြံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံမွေးမြူရေး ဝါသနာရှင်များ လွယ်ကူစွာလာရောက်လေ့လာနိုင်ရေးနှင့် ဒေသမျိုးကြက်များ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရေးမှာကြားပြီး ပဲခူးစက်မှုဇုန်အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ဥဿာတိုင်းသား

ဝမ်းတွင်းဒေသထွက် ဝါကုန်ကြမ်းအခြေပြု MSMEs များဖြစ်သည့် ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့တွင် ဒေသထွက်ဝါကုန်ကြမ်း အခြေပြု MSMEs များဖြစ်သည့် ချည်ထည်လုပ်ငန်းများဆောင်ရွက်လျက်ရှိသကဲ့သို့ ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ Agro-Base Textile Industries များမှ Export ကဏ္ဍာမြှင့်တင်ပြီး နိုင်ငံခြားဝင်ငွေတိုးပွားရရှိရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး တစ်ဖက်တစ်လမ်းမှပံ့ပိုးကူညီနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ဝမ်းတွင်းမြို့ရှိ Leader of Textile စက်ရုံ၊ မင်းရန်နိုင်ထါစက်နှင့် နန်းထိုက်တော်ဆင် အထည်ကြိတ်စက်၊ ကိန္နရီအဆင့်မြင့် ချည်ချောလုံချည်စက်ရုံ၊ ဖိုးပြုံးချို့စက်ရုံတို့၌ ရက်ကန်းနှင့် ချည်အချောကိုင်လုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်နေမှုများ၊ ကုန်ကြမ်းရရှိမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ ပြည်တွင်းဖြစ်ကုန်ကြမ်းများအသုံးပြု၍ Made In Myanmar အမှတ်တံဆိပ်ဖြင့် ဂျပန်နိုင်ငံသို့ ဂျဒိုး၊ ကရာတေးဒိုအားကစား ဝတ်စုံများ ချုပ်လုပ်တင်ပို့နိုင်မှု၊ ခြံစောင်များနှင့် ကော်ဇောများကို အရည်အသွေးကောင်းမွန်ပြီး စျေးနှုန်းချိုသာစွာဖြင့် ပြည်တွင်းစျေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေမှုတို့ကို ယမန်နေ့မွန်းလွဲပိုင်းက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ပြည်သူတို့အတွက် အဝတ်အထည်နှင့် ချည်ထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဝါစေ့ဆီလုပ်ငန်းမှစားသုံးဆီလိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ရေး၊ ပြည်ပမှ ချည်များတင်သွင်းနေရမှုကို လျော့ချနိုင်ရေး၊ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ကာ ထုတ်ကုန်အမယ်သစ်များတိုးမြှင့် ထုတ်လုပ်နိုင်ရေး၊ ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများမြှင့်တင်ပေးနိုင်ရေးနှင့် နိုင်ငံတကာစျေးကွက်သို့ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်မှာကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့ရှိ အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း)၌ အထည်ချုပ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး တာဝန်ရှိသူများက MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်လုပ်ငန်းရှင်များက အခက်အခဲများ၊ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ချည်ထည်လုပ်ငန်းရှင်များ၏ ထုတ်ကုန်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်လျာထားနေရာများ၊ ဝမ်းတွင်းမြို့နယ် လျော်ပင်ကျေးရွာရှိ ဖြိုးဖြိုးစက်ရက်ကန်းလုပ်ငန်း၌ ကုန်ချောထုတ်လုပ်မှုနှင့် ဆိုလာစနစ် တပ်ဆင်သုံးစွဲနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

တောင်ကြီးမြို့၌ online မီတာလျှောက်ထားနိုင်ရေးဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၃၀

တောင်ကြီးမြို့ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ၊ ဟိုပုံးမြို့ ၆၆/၃၃ ကေဗွီဓာတ်အားခွဲရုံ၊ ပင်းပက်သံမဏိစက်ရုံအတွင်း တည်ဆောက်မည့် ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံနှင့် တောင်ကြီးပင်မဓာတ်အားခွဲရုံအတွင်း တိုးချဲ့တည်ဆောက်လျက်ရှိသည့် ၂၃၀/၁၃၂ ကေဗွီ၊ ၁၅၀ အမ်ဗွီအေ Switchbay တည်ဆောက်နေမှုအခြေအနေများကို ယမန်နေ့က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးမီးလင်းရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်တာဝန်များ၊ Online မီတာလျှောက်ထားမှုများ အတွက် ပြင်ဆင်ထားရှိရမည့်အခြေအနေ၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ ဓာတ်အားခများကောက်ခံရရှိရေး၊ ဌာနဝင်ငွေတိုးပွားရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများအား ဖော်ထုတ်ရေး မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်၍ Online မီတာလျှောက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင်ဩဂုတ်လ ၂၈ ရက်တွင် ပင်လောင်းမြို့နယ်အတွင်းရှိတီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှု၊ တောင်ကြီးခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပေးစက်ရုံထိန်းချုပ်ခန်းနှင့် ကျောက်မီးသွေးအခြောက်ခံစက်တို့ကိုကြည့်ရှုစစ်ဆေးပြီး ဇင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄·c	/	၃၀·c
ရန်ကုန်	၂၅·c	/	၃၂·c
မန္တလေး	၂၆·c	/	၃၆·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

မိုးရာသီကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မြစ်ကြီးနား ဩဂုတ် ၃၀

ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်ကြက်တောင်အားကစားဆပ်ကော်မတီတို့ပူးပေါင်း၍ မိုးဆက်သစ်ကြက်တောင်အားကစားသမားများမွေးထုတ်ပေးနိုင်ရန်၊ လက်ရွေးစင်ကြက်တောင်အားကစားသမားများ ရွေးချယ်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်သည့် မိုးရာသီကြက်တောင်ရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာအားကစားကွင်းအတွင်းရှိ ကြက်တောင်အားကစားရုံ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲမတိုင်မီ အသက် ၂၁ နှစ်အောက်အမျိုးသားတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးများက Junior လူသစ်တန်းပြိုင်ပွဲ၊ အသက် ၁၅ နှစ်အောက် တစ်ဦးချင်းကျား/မပြိုင်ပွဲနှင့် အလွတ်တန်း (၂)ယောက်တွဲ ကျား/မ ပြိုင်ပွဲ၊ Senior Friendship Open ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရအသင်းများကို လည်းကောင်း၊ မြစ်ကြီးနားလေတပ်စခန်း ဌာနချုပ်မှူးက အသက် ၂၁ နှစ်အောက် တစ်ဦးချင်း အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အသက် ၂၁ နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကြက်တောင်ဆပ်ကော်မတီအတွက် ချီးမြှင့်ငွေကျပ် ၂၅ သိန်းနှင့် ပါဝင်ကူညီပေးခဲ့သူများအား ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ငြိမ်းချမ်းသာယာရေကူးကန်၌ ရေကူးနည်းပြများ၊ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံပြီး ရေကူးကန်စနစ်တကျထိန်းသိမ်းထားရှိရေး၊ ရေကူးအားကစားနည်းအတွက် မျိုးဆက်သစ်လူငယ်အားကစားသမားများ ရွေးချယ်လေ့ကျင့်ထားရှိရေး မှာကြားသည်။

ထို့ပြင် ဖူဆယ်အားကစားရုံ၌ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် လူရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းသာယာဘက်စုံအားကစားရုံအတွင်းရှိ ကိုယ်ကာယလေ့ကျင့်ခန်း (Gym) အားကစားရုံနှင့် ဒုတိယထပ်ရှိဘိလိယက်နှင့် စနူကာအားကစားရုံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲအတွက် မျိုးဆက်သစ်လူငယ်များအား သင်တန်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



မိတ္ထီလာမြို့၌ (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်



မိတ္ထီလာ ၂၃ရက်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၁၄၃) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာလ ၁၉ ရက်မှ ၂၉ ရက်အထိ ဘုရားပွဲဈေးတန်း အရောင်းဆိုင်များ၊ ချားရဟတ်များ၊ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဗုဒ္ဓပူဇနိယပွဲတော်ဈေးဆိုင်ခန်းများနှင့် ပျော်ပွဲရွှင်ပွဲများကို ဖောင်တော်ဦးစေတီတော်လမ်း၊ ဓမ္မသုခရွှေစည်းခုံစေတီအနီးနှင့် နန်းတော်ကုန်းရပ်ကွက်နှင့် မိတ္ထီလာမြောက်ကန်အနီးနေရာများတွင် စနစ်တကျ နေရာချထားပေးသွားမည်ဖြစ်သည်။ ဘုရားပွဲတော်လာပြည်သူများ အေးချမ်းပျော်ရွှင်စွာ လည်ပတ်နိုင်ရေးအတွက် ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီ၏ဦးဆောင်မှုဖြင့် လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ သက်ဆိုင်ရာဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ စသည့် ကော်မတီများဖွဲ့စည်းပြီးဆောင်ရွက်လျက်ရှိသည်၊ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် နှစ်စဉ်မပျက် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲအား အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲအမျိုးအစား ခွဲခြားကျင်းပမည်ဖြစ်ပြီး အဆိုပါလှေပြိုင်ပွဲသို့ မိတ္ထီလာမြို့ပေါ် ရပ်ကွက်များနှင့် မိတ္ထီလာကန်အနီးရှိ လူးခင်းကြီး၊ နွားစမ်းတောင်၊ အင်းပက်လက်၊ အုတ်နဲ့ဘုတ် စသည့်ကျေးရွာတို့မှ ပြိုင်ပွဲဝင်လှေအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

(၆၀၂)

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲ ဆုချီးမြှင့်

မြိတ် ၂၃ရက်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တက္ကသိုလ်ရပ်ကွက် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၃ရက် ညနေပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦး၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိ၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်မင်းမင်းဖြိုးနှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သဘင်အဖွဲ့များ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဦးက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဒိုင်အဖြစ်ဆောင်ရွက်ခဲ့သူများအား လက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

မုဒုံ ၂၃ရက်

မွန်ပြည်နယ်မုဒုံမြို့နယ်တွင်အသက် ၁၈ နှစ်အောက်ပညာရေးမှူးဖလား အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ၂၃ရက်လ ၂၉ ရက်က အားကစားပြိုင်ဝင်းအတွင်းရှိ မိတာ ၄၀၀ ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေး၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းအောင်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများတက်ရောက်၍ ဗိုလ်လုပွဲစဉ်အဖြစ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (တံခွန်တိုင်) ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ၃ ဂိုး - ဂိုးမရှိဖြင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းက အနိုင်ရရှိသည်။ ထို့နောက် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မုဒုံမြို့နယ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုငွေကျပ် သိန်း ၂၀၀ ကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမင်းအောင်မြင့်ကပေးအပ်၍ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမတံခွန်စိုက်ဒိုင်းဆု၊ ငွေသားဆု၊ တစ်ဦးချင်းဆု၊ ဒုတိယငွေသားဆု၊ တစ်ဦးချင်းဆု၊ ပူးတွဲတတိယငွေသားဆု၊ တစ်ဦးချင်းဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမားဆုများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

မလိုသောမီးများကိုပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု ၇၀ ရာခိုင်နှုန်းပြီးစီး

မြန်အောင် ၂၃ရက်

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရှားတောကျေးရွာအုပ်စုရှားတောကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုများကို မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံအင်ဂျင်နီယာများက ရှားတောကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြန်အောင်မြို့နယ် ရှားတောကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ပေ ၂၀ ရှိ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၄ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အင်ဂျင်ကွန်ပရက်စာတစ်စုံတပ်ဆင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၈၈ သန်းဖြင့် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇွန်လ စတုတ္ထပတ်မှစ၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံသာ(ကျေးလက်)

သက်တမ်းလွန်ဆေးဝါးများရောင်းချမှု ရှိ/မရှိ လိုက်လံစစ်ဆေး



နတ်မောက် ၂၃ရက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ဒေသခံပြည်သူများ စားသောက်ကုန်ပစ္စည်း ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် ဆေးဆိုင်များ၌ သက်တမ်းလွန်ဆေးဝါးများရောင်းချမှုရှိ/မရှိ ၂၃ရက် နံနက်ပိုင်းတွင် မြို့မဈေးအတွင်းကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စားသုံးရန်မသင့်ဟုထုတ်ပြန်ထားသော စားသောက်ကုန်များအား ဈေးကွက်အတွင်း ရောင်းချမှုရှိ/မရှိနှင့် ဌာန၏ ကုန်ည့ွှန်းအမှတ်အသားဖော်ပြချက် ပြည့်စုံမှုရှိ/မရှိတို့အား ကြည့်ရှုစစ်ဆေးကြသည်။

နတ်မောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများက ကုန်အည့ွှန်းအမှတ်အသားနှင့်ပတ်သက်၍ ဌာနမှထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်စေလိုကြောင်း၊ တားမြစ်ထားသောစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ကြရန်နှင့် စစ်ဆေးတွေ့ရှိပါက စားသုံးသူကာကွယ်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆေးဝါးပစ္စည်းရောင်းဆေးဆိုင်များအား အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

လှဝင်း

ရေစကြို့မြို့နယ်၌ မိုးရာသီအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်



ရေစကြို့ အြဂုတ် ၃၀

မိုးရာသီအလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲကို အြဂုတ်လ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး ရေစကြို့မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက Physical Fitness Exercise၊ ဘောလုံးတေးသီချင်းအကအလှများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးဝင်းမောင်နှင့် တာဝန်ရှိသူများက အားကစားပြိုင်ပွဲတွင် ပါဝင်ကူညီပေးသောအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ အကောင်းဆုံးအားကစားသမားများအား ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခြင်း၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆု၊ နှစ်သိမ့်ဆုရရှိသော ဘောလုံးအသင်းများအား ဆုတံဆိပ်၊ ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များ၊ အားကစားသမားများ တက်ရောက်ကြကြောင်း သိရသည်။

ဝေဇင်မို့(ရေစကြို့)

တံတားမြို့နယ်အတွင်းရှိ သတ်မှတ်ကျေးရွာများ၌ တီဘီရောဂါလူနာ ရှာဖွေဖော်ထုတ်ကုသခြင်း လုပ်ငန်းများဆောင်ရွက်

ရန်ကုန် အြဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး တံတားခရိုင် တံတားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဦးဆောင်သော နယ်လှည့်ကွင်းဆင်းရောဂါရှာဖွေရေးအဖွဲ့သည် တီဘီရောဂါလူနာရှာဖွေဖော်ထုတ်ကုသခြင်းလုပ်ငန်းများကို အြဂုတ်လ ၂၉ ရက်က တံတားမြို့နယ်အတွင်းရှိ သတ်မှတ်ရပ်ကွက်/ကျေးရွာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာရဲမြင့်ထွန်းဦးဆောင်၍ နယ်လှည့်ကွင်းဆင်းရောဂါရှာဖွေရေးအဖွဲ့နှင့် တံတားမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရွှေ့လျားကွန်ပျူတာဓာတ်မှန်စက်ဖြင့် အဆုတ်နှင့် ရင်ခေါင်းတီဘီရောဂါဆိုင်ရာများ အခမဲ့စမ်းသပ်စစ်ဆေး၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတီဘီရောဂါလူနာရှာဖွေဖော်ထုတ်ကုသခြင်းလုပ်ငန်းများကို အြဂုတ်လ ၂၄ ရက်မှ ၂၉ ရက်အထိ တံတားမြို့နယ်အတွင်းရှိ ကန်ပတ်ရိုးကျေးရွာ၊ ရန်ကုန်ပေါက်ကျေးရွာ၊ လာကပုံကျေးရွာ၊ ခလုပ်ကျေးရွာ၊ ကွမ်းခြံရပ်ကွက်တို့၌ ဆောင်ရွက်ခဲ့ရာ ဓာတ်မှန်ရိုက်စစ်ဆေးပေးသူ ၇၄၉ ဦး၌ သလိပ်စစ်ဆေးသူပေါင်း ၃၀ ဦး၊ ဆေးကျွေးကုသသူပေါင်း ၂၄ ဦး ဖော်ထုတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တံတား)

စက်မှု စိုက်ပျိုး မွေးမြူရေးကျောင်းသို့ တက်ရောက်ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ဟောပြော

ပွင့်ဖြူ အြဂုတ် ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းသို့ တက်ရောက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းနှင့်စပ်လျဉ်း၍ ဟောပြောခြင်းကို အြဂုတ်လ ၂၉ ရက်က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းက မြို့နယ်အတွင်းရှိအခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ၌ တက်ရောက်ပညာသင်ကြားနိုင်မည့်အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် အထက်တန်းပညာရေးနှင့်အတူ လက်တွေ့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပူးတွဲသင်ကြားပေးရန် ရည်ရွယ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး စိတ်ပါဝင်စားသူများ ပညာသင်ယူခွင့်ရရှိနိုင်ရန် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ဝါးတောစွန်းကျေးရွာ၌ ကျေးလက်ရေရှည်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်တုန်း အြဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဝါးတောစွန်းကျေးရွာအုပ်စု ဝါးတောစွန်းကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ကျေးလက်ရေရှည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အြဂုတ်လ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးထက်ပိုင်သူနှင့် တာဝန်ရှိသူများက ကျေးရွာရေရှည်ရေးကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးကြခြင်းဖြစ်သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းနိုင်က ကျေးရွာရေရှည်ရေးကော်မတီဝင်များကို သောက်သုံးရေသုံးစွဲရာတွင် အလေအလွင့်မရှိစေရေး စနစ်တကျဖြန့်ဝေသုံးစွဲကြရန်နှင့် နှစ်စဉ် ပြုပြင်ထိန်းသိမ်းခြင်းအစီအစဉ်များ ထားရှိရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဝါးတောစွန်းကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ပေ ၂၀ ရှိ အမြင့်တင် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၄ ပေရှိ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် စက်ပစ္စည်းများတပ်ဆင်ခြင်းလုပ်ငန်းများကိုခွင့်ပြုငွေ ငွေကျပ် ၃၁ ဒသမ ၈၈ သန်းဖြင့် ယခုနှစ် ဇွန်လ ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဝါးတောစွန်းကျေးရွာရှိ အိမ်ထောင်စု ၁၂၁ စုမှ လူဦးရေ ၃၈၆ ဦးအတွက် သောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**

အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပ

ရွှေဘို အြဂုတ် ၃၀

ကျောင်းသားများ ကိုယ်ကာယ ကြံ့ခိုင်မှုတိုးတက်စေရန်၊ အားကစားစိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားကောင်းများထွက်ပေါ်လာစေရန်ရည်ရွယ်၍ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို အြဂုတ်လ ၂၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ရန်ကြီးအောင်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဗိုလ်လုပွဲတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးဆုံးချိန်အထိ နှစ်သင်းစလုံးက အနိုင်ရရှိရေးအတွက် အပြိုင်အဆိုင် ယှဉ်ပြိုင်ကြသည်။

အဆိုပါပွဲစဉ်တွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအသင်းက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည်။

ထို့နောက် ရွှေဘိုမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပထမဆုနှင့် ဒုတိယဆုရရှိသည့်အသင်းများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲသို့ ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

နှစ်ပေါင်း ၅၂ နှစ်အတွင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစ နှစ်ပွဲဆက်ရှုံးနိမ့်ပြီး သွင်းဂိုးတစ်ဂိုးမှမရရှိသည့်မှတ်တမ်းဆိုးကို စပါးအသင်းရရှိ



လန်ဒန် ဩဂုတ် ၃၀

စပါးအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ်ကစားသည့် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် ၂ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၅၂ နှစ်အတွင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစ နှစ်ပွဲဆက်ရှုံးနိမ့်ပြီး သွင်းဂိုးတစ်ဂိုးမှမရရှိသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီတွင် ရာသီအဖွင့်ပွဲစဉ်အဖြစ်ကစားသည့် ဘရန့်ဖို့ဒ်အသင်းနှင့် အဝေးကွင်းပွဲစဉ်၌ ၃ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်သကဲ့သို့ ဒုတိယပွဲစဉ်အဖြစ်ကစားသည့် နယူးကာဆယ်အသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင်လည်း ၂ ဂိုး - ဂိုးမရှိဖြင့်ရှုံးနိမ့်ပြီးနောက် ရာသီအစ နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည့်အပြင် သွင်းဂိုးတစ်ဂိုးမှ သွင်းယူနိုင်ခြင်းမရှိသည့် အတွက် ၁၉၇၄ ခုနှစ်က မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်များဆက်တိုက်ဆိုးရွားခဲ့ပြီး တန်းမဆင်းရရန် ရုန်းကန်ခဲ့ရကာ ရာသီအကုန်တွင် အဆင့်(၁၇)နေရာ၌ ရပ်တည်ခဲ့ပြီးနောက် ယခုဘောလုံးရာသီတွင် အသင်းကို ကြီးကြီးမားမားအပြောင်းအလဲများလုပ်ဆောင်ခဲ့သည်။

စပါးအသင်းသည် နည်းပြသစ်အဖြစ် ဒီဇာဘီအား ခန့်အပ်ခဲ့သည့်အပြင် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း ဘုန်းမောက်အသင်းမှ ဆန်စီ၊ ဝက်စ်ဟမ်းအသင်းမှ ဖာနန်ဒက်စ်၊ နယူးကာဆယ်အသင်းမှ တိုနယ်လီ၊ မန်စီးတီးအသင်းမှ ဆာဗီယို နှင့် အိုမာမာမွတ်၊ ဘရိုက်တန်အသင်းမှ ဗန်ဟက်ကီ စသည့် ပရီးမီးယားလိဂ်ထိပ်တန်းကစားသမားများကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀၀ ကျော်အကုန်အကျခံ ခေါ်ယူခဲ့ရာ ပြောင်းရွှေ့ကြေး အများဆုံးအသုံးပြုထားသည့် အသင်းအဖြစ်ပါ ရပ်တည်ခဲ့သည်။

သို့သော် စပါးအသင်းအနေဖြင့် ထိပ်တန်းကစားသမားများကို ခေါ်ယူအင်အားဖြည့်တင်းထားသော်လည်း အသင်းအနေဖြင့် ရာသီအစတွင်ပင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး ရာသီအစနှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည့်အပြင် အသင်းတိုက်စစ်ပိုင်းကလည်း တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိသေးဘဲ ရုန်းကန်နေရကြောင်း သိရသည်။

Ref:365Scores

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အယ်ကာရက်ဇ်နှင့်ဆာဗျူလင်တို့ ပထမအကျော့တွင် တွေ့ဆုံ

ဝါရှင်တန် ဩဂုတ် ၃၀

အမေရိကန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပထမအကျော့တွင် ကမ္ဘာ့အဆင့်(၃) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ရုရှားတင်းနစ်ကစားသမား ဆာဗျူလင်တို့ ထိပ်တိုက်တွေ့ဆုံနေသည်။

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ဩဂုတ်လ ၃၀ ရက်၊ ၃၁ ရက်နှင့် စက်တင်ဘာလ ၁ ရက်တို့တွင် ကျင်းပလျက်ရှိပြီး အယ်ကာရက်ဇ်နှင့် ဆာဗျူလင်တို့ အနေဖြင့် ဩဂုတ်လ ၃၁ ရက်တွင် ကစားရမည်ဖြစ်သည်။

အစောပိုင်းက အယ်ကာရက်ဇ်သည် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒဏ်ရာပြဿနာများကြောင့် ပြိုင်ပွဲများနှင့် ဝေးကွာခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်(၃) နေရာအထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပြန်လည်ဝင်ရောက်ကစားခဲ့ခြင်းဖြစ်ပြီး လက်ရှိအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ဂျာမန်တင်းနစ်ကစားသမား ဇာဗီရက်၏နောက်တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေကြောင်း သိရသည်။

Ref:US Open

ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ဇီဟိုရှင်တန်အား အနိုင်ရရှိပြီး ချန်ဘင်ဂူ ချန်ပီယံဆုဆွတ်ခူး

ဝူဟန် ဩဂုတ် ၃၀

တရုတ်နိုင်ငံ ဝူဟန်မြို့၌ကျင်းပခဲ့သည့် ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၂၂)နေရာ၌ ရပ်တည်နေသည့် တရုတ်နိုင်ငံသား ချန်ဘင်ဂူက တစ်နိုင်ငံတည်းသား ကမ္ဘာ့အဆင့်(၁)နေရာမှ ဇီဟိုရှင်တန်အား အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ရမှတ်များအတွက် အရေးပါသည့်ပြိုင်ပွဲတစ်ခုဖြစ်သောကြောင့် ကမ္ဘာ့ထိပ်တန်းကစားသမားအများစု ပါဝင်လာသော်လည်း ချန်ဘင်ဂူက ထိပ်တန်းကစားသမားများကို အဆင့်ဆင့်ကျော်ဖြတ်ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ဘင်ဂူသည် ကွာတားဖိုင်နယ်အဆင့်တွင် လက်ရှိပြိုင်ပွဲမတိုင်မီ ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် အင်္ဂလန်ကစားသမားဂျွန်ထရန့်ကို (၁-၅) ရလဒ်ဖြင့် အနိုင်ရရှိသကဲ့သို့ ဆီမီးဖိုင်နယ်အဆင့်တွင်လည်း ကမ္ဘာ့အဆင့်(၁) ကစားသမားဟောင်းတစ်ဦးဖြစ်သည့် အင်္ဂလန်ထိပ်တန်း စနူကာကစားသမား ဆူလီဗန်နှင့်ကစားခဲ့ရာ (၆-၃)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗိုလ်လုပွဲတွင်လည်း လက်ရှိကမ္ဘာ့အဆင့်(၁)နေရာသို့ရောက်ရှိလာခဲ့သည့် တစ်နိုင်ငံတည်းသား ဇီဟိုရှင်တန်နှင့်ကစားခဲ့ရာ (၁၀-၇) ရလဒ်ဖြင့် အနိုင်ရရှိပြီးနောက် ချန်ပီယံဆုကို ထိပ်တန်းစနူကာကစားသမားများအား ကျော်ဖြတ်၍ ထိုက်ထိုက်တန်တန်ဆွတ်ခူးနိုင်ခဲ့ကာ ချန်ပီယံဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁၇၅၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

Ref;Cue Nations



ထရန့်ဇွန်စပေါလ်အသင်းက နည်းပြတက်ကီ၏ နုတ်ထွက်မှုကိုပယ်ချပြီး ဆက်လက်တာဝန်ပေးရန်ဆုံးဖြတ်ထား

အစ္စတန်ဘူလ် ဩဂုတ် ၃၀

တူကီယဲကလပ် ထရန့်ဇွန်စပေါလ်အသင်းက ယခုဘောလုံးရာသီတွင် အသင်းနည်းပြတက်ကီ၏ နည်းပြရာထူးမှနုတ်ထွက်ရန် တောင်းဆိုမှုကို ပယ်ချပြီး ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ထားသည်။

အသက် ၄၈ နှစ်အရွယ် နည်းပြတက်ကီသည် ထရန့်ဇွန်စပေါလ်အသင်းကို ၂၀၂၅ ခုနှစ် မတ်လက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် အဆင့် (၃) နေရာ၌ ရပ်တည်နိုင်ခဲ့ကာ ယူရိုပါလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ယခုဘောလုံးရာသီတွင် ထရန့်ဇွန်စပေါလ်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်၌ ဖီရန်စီဘားရိုစ်အသင်းနှင့်ကစားခဲ့ရာ ပထမအကျော့အိမ်ကွင်း၌ ၁ ဂိုး - ဂိုးမရှိဖြင့်ရှုံးနိမ့်ပြီး ဒုတိယအကျော့အဝေးကွင်း၌ ၄ ဂိုး - ဂိုးမရှိဖြင့်ရှုံးနိမ့်၍ နှစ်ကျော့ပေါင်းရလဒ် ၅ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ခြေစစ်ပွဲမအောင်မြင်ဘဲ ယူရိုပါလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့် ကစားခွင့်နှင့် လွဲချော်ခဲ့ရသည်။

နည်းပြတက်ကီသည် ဖီရန်စီဘားရိုစ်အသင်းကို ရှုံးနိမ့်သည့် ဒုတိယအကျော့ပွဲစဉ်အပြီးတွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သော်လည်း အသင်းတာဝန်ရှိသူများက နည်းပြတက်ကီ၏ ရာထူးမှနုတ်ထွက်ရန် တောင်းဆိုမှုကို ပယ်ချပြီး ယခုဘောလုံးရာသီတွင် ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထရန့်ဇွန်စပေါလ်အသင်းသည် ယခုနှစ်အပြောင်းအရွှေ့ကာလတွင် ဆာလက်ချ်၊ ဖာဘင်ဟို၊ အိုနာနာ စသည့်ကစားသမားများကို ခေါ်ယူခဲ့ပြီး တူကီယဲစူပါလိဂ်ပြိုင်ပွဲ၌ နှစ်ပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်လေးမှတ်ဖြင့် အဆင့်(၄)နေရာ၌ ရပ်တည်လျက်ရှိသည်။

နည်းပြတက်ကီသည် ထရန့်ဇွန်စပေါလ်အသင်းကို ပြီးခဲ့သည့်ဘောလုံးရာသီက စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ ပြိုင်ပွဲစုံ ၆၁ ပွဲ တာဝန်ယူကိုင်တွယ်ထားပြီး ၃၅ ပွဲအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ၁၄ ပွဲသရေရလဒ်နှင့် ၁၂ ပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်ထားနိုင်ကြောင်း သိရသည်။

Ref:Fabrizio Romano

အထိရောက်ဆုံးနှင့် ဘေးအကင်းဆုံးဝိတ်ချနည်းများ

ပေါက်ပေါက်

"အရွယ်ရောက်ပြီးသူ လူတစ်ယောက်အတွက် တစ်ရက်လျှင် ပျမ်းမျှ ခုနစ်နာရီကြာမျှ အိပ်စက်သင့်ပြီး အိပ်ချိန်က ညဘက်ဖြစ်သင့်သည်။ ဥပမာ ညဂျူတီကျ၍ နေ့ဘက်ရောက်မှသာ အိပ်စက်ကြရသူများ၊ အိပ်ရေးမဝသူ နို့တိုက်မိခင်များ၊ အိပ်စက်ချိန်နည်းသူများနှင့် နာတာရှည်အိပ်မပျော်သူများတွင် အီစထရိုဂျင်ဟော်မုန်း စိမ့်ထွက်လာပြီး အစာစားချင်စိတ်ပြင်းပြလာသောကြောင့် သိသိသာသာ ကိုယ်အလေးချိန်တိုးလာစေကြောင်း လေ့လာဆန်းစစ်မှုများအရ သိရသည်. . ."

ယနေ့ကမ္ဘာပေါ်ရှိ လူတော်တော်များများ ကျန်းမာရေးဆိုင်ရာ အသိအမြင် ဗဟုသုတများ ကြွယ်ဝလာသည့်အလျောက် ဝိတ်ကျစေရန်နှင့် အဆီပိုများ ဖယ်ရှားနိုင်ရန် စိတ်အားထက်သန်လာကြသည်။ ဝိတ်တက်နေကြသည့် အရွယ်ရောက်ပြီးသူ အမျိုးသား၊ အမျိုးသမီးများသည် ကျန်းမာရေး သို့မဟုတ် အလှအပရေးရာအတွက် အစာ၊ ဆေး၊ လေ့ကျင့်ခန်းစသည့်နည်းမျိုးစုံတို့ဖြင့် ဝိတ်ချနေကြသည်။ မည်သို့ပင် နည်းမျိုးစုံဖြင့် ဝိတ်ချနေကြသော်လည်း လေ့လာဆန်းစစ်ချက်များအရ အောက်ဖော်ပြပါဝိတ်ချနည်းများကသာ အထိရောက်ဆုံးနှင့် ဘေးအကင်းဆုံးဖြစ်သည်။

နံနက်စာကို ဝဝလင်လင်စားပါ

ကျန်းမာစွာဝိတ်ကျစေရန် နံနက်စာကို ရှင်ဘုရင်လိုစားပါ။ညစာကို သူဖုန်းစားလိုစားပါဆိုသည့်ဆောင်ပုဒ်ကို ကျန်းမာရေးအသိအမြင်ရှိသူတိုင်း သိနှင့်ပြီးသားဖြစ်သည်။ ဆန်၊ လူး၊ ဆပ်၊ ကွေကာအုပ်တို့က နံနက်စာအတွက် ကောင်းမွန်သော အစားအစာများဖြစ်သည်။ လေ့လာဆန်းစစ်ချက်များအရ အညိုရောင်ကွေကာအုပ် (အကြမ်း)သည် အရွယ်သုံးပါးအတွက် ကျန်းမာရေးဘက်စုံ ကောင်းမွန်စေသည့် အပြင် ကိုလက်စထရောကျစေပြီး အချိန်ကြာကြာအဆာခံနိုင်၍ အကောင်းဆုံး နံနက်စာတစ်ခုဖြစ်ကြောင်း ကျန်းမာရေးသုတေသီများက ထောက်ခံထားကြသည်။

အသင့်စားစာများရှောင်ပါ

အာလူးကြော်၊ ကြက်ကြော်၊ ဒိုးနတ် စသည့်ဆီကြော်မုန့်အမျိုးမျိုးက အလွယ်တကူ ဝယ်ယူနိုင်သည့်အပြင် ဈေးနှုန်းသင့်တင့်ပြီး အရသာလည်းကောင်းသည့် အတွက် အလွယ်တကူစားတတ်ကြသည်။ အဆိုပါအစားအစာများတွင် ကယ်လိုရီပမာဏများပြားလွန်းသည့်အပြင် အလွန်ဗိုက်ဆာလာသည့်အချိန်မျိုးတွင် သာမန်ထက်ပိုစားမိစေသဖြင့် လုံးဝမစားသင့်ကြောင်း သတိပေးအကြံပြုထားသည်။

အစာစားချင်စိတ်ကို ချိုးနှိမ်ပါ

အဝလွန်သူများကို လေ့လာဆန်းစစ်ပြီး နောက်တွင် ဗိုက်အင့်နေအောင် မစားသင့်ဘဲ ဗိုက်ဝရုံလောက်သာ စားသင့်ကြောင်း၊ ထိုနည်းတူ စိတ်ကိုလည်း ချိုးနှိမ်စိတ်ရန် လိုအပ်ကြောင်း၊ အစာများများစားချင်သည့်စိတ်ကို ချိုးနှိမ်နိုင်ခြင်းသည် ဝိတ်ချရန် အထိရောက်ဆုံးနည်းဖြစ်ကြောင်း ကျန်းမာရေးသုတေသီများက အကြံပြုထားသည်။

အိပ်ရေးဝဝအိပ်ပါ

အရွယ်ရောက်ပြီးသူ လူတစ်ယောက်အတွက် တစ်ရက်လျှင် ပျမ်းမျှ ခုနစ်နာရီကြာမျှ အိပ်စက်သင့်ပြီး အိပ်ချိန်က ညဘက်ဖြစ်သင့်သည်။ ဥပမာ ညဂျူတီကျ၍ နေ့ဘက်ရောက်မှသာ အိပ်စက်ကြရသူများ၊ အိပ်ရေးမဝသူ နို့တိုက်မိခင်များ၊ အိပ်စက်ချိန်နည်းသူများနှင့် နာတာရှည်အိပ်မပျော်သူများတွင် အီစထရိုဂျင်ဟော်မုန်းစိမ့်ထွက်လာပြီး အစာစားချင်စိတ်ပြင်းပြလာသောကြောင့် သိသိသာသာ ကိုယ်အလေးချိန် တိုးလာစေကြောင်း လေ့လာဆန်းစစ်မှုများအရ သိရသည်။

အချိုလျှော့စားပါ

ကိုယ်ခံစွမ်းအားကောင်းစေရန်၊ သက်လုံကောင်းစေရန်နှင့် မှတ်ဉာဏ်ကောင်းစေရန် အချိုဓာတ်(သကြား)က မရှိမဖြစ်လိုအပ်သည်။ သို့သော် ယင်းကို လိုအပ်သည့်ပမာဏထက်ပိုစားမိပါက ဝိတ်တက်လာနိုင်သဖြင့် သကြားလုံး၊ ချောကလက်၊ သကြား၊ ပီကေ စသောအချိုများကို လျှော့စားကြရမည်ဖြစ်သကဲ့သို့ ထိုနည်းတူ အချိုဓာတ်ကဲထားသော ဟင်းလျာများ၊ ဖျော်ရည်၊ သစ်သီးခြောက်၊ သစ်သီးစည်သွတ်ဘူး၊ သရေစာမုန့်အမျိုးမျိုးတို့ကိုလည်း သတိနှင့်ယှဉ်၍ စားသောက်တတ်ရန်လိုကြောင်း အဝလွန်တိုက်ဖျက်ရေးသုတေသနအဖွဲ့က သတိပေးထားသည်။

ညစာစောစောစားပါ

ညစာကို စောနိုင်သမျှ စောစောစားခြင်းက ခန္ဓာကိုယ်အတွင်း ရှိနှင့်ပြီးသော အဆီများနှင့် အစားအစာထဲတွင်ပါလာသော ကစီဓာတ်များကို ကောင်းစွာလောင်ကျွမ်းနိုင်၍ ကိုယ်အလေးချိန်လျော့ကာ အဆီများလျော့ကျလာစေသည်။ ထို့ပြင် ညစာကို ခပ်စောစောစားခြင်းဖြင့် ခန္ဓာကိုယ်က အစာထဲတွင်ပါသောအာဟာရဓာတ်များကို အပြည့်အဝစုပ်ယူထားနိုင်သဖြင့် ကျန်းမာစေသည်။ အထူးသတိပြုရန်မှာ ယနေ့ ညစာနှင့် နောက်တစ်နေ့ နံနက်စာစားချိန်သည် ပျမ်းမျှ ၁၅ နာရီခန့် ခြားနားသင့်သည်။ အဆီပိုများကိုလျှော့ချနိုင်ရန်အတွက် ညစာစားရန် အသင့်တော်ဆုံးအချိန်သည် ညနေ ၅ နာရီဖြစ်ပြီး နောက်တစ်နေ့နံနက် ၈ နာရီမှသာ နံနက်စာစားသင့်ပါသည်။

ကိုယ်အလေးချိန် ချိန်ပါ

ပျမ်းမျှ ရက်သတ္တပတ်လျှင် တစ်ကြိမ်သို့မဟုတ် ၁၀ ရက်လျှင်တစ်ကြိမ် ကိုယ်အလေးချိန်ချိန်၍ မှတ်တမ်းပြုထားသင့်သည်။ ထိုကဲ့သို့ မိမိကိုယ်ကို ဆန်းစစ်နည်းက ဝိတ်ကျစေမည့်နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

အိပ်ချိန်ကို အလေးထားပါ

နှစ်ခြိုက်စွာအိပ်ပျော်ခြင်းက လူရောစိတ်ပါ တစ်နေ့တာပင်ပန်းခဲ့သမျှ အနားရစေပြီး နောက်တစ်နေ့အတွက်ကိုလည်း ခွန်အားသစ်ရခြင်းဖြစ်သည်။ အိပ်ရေးဝမှသာ ကြွက်သားများ သန်မာစေနိုင်မည်။ အမေရိကန်ပြည်ထောင်စုရှိ ချီကာဂိုတက္ကသိုလ်၏ လေ့လာမှုမှတ်တမ်းအရ အစာတစ်နပ်စာလျှော့စားခြင်းထက် ညဘက်အိပ်ရေးဝဝအိပ်စက်ခြင်းကသာ ကိုယ်အလေးချိန်နှင့် အဆီပိုများကိုကျစေနိုင်သည်။ အကယ်၍ အိပ်ရေးမဝပါက ဟော်မုန်းများထွက်ရှိလာကာ ဆာလောင်မွတ်သိပ်မှုကိုခံစားရပြီး ပုံမှန်ထက် အစာများများပိုစားမိကာ အဝလွန် အဆီပိုခြင်းကို ဖြစ်လာစေသည်။

နံနက်အိပ်ရာထချိန် မှန်ပါစေ

အရွယ်ရောက်ပြီး အမျိုးသား၊ အမျိုးသမီးများကို လေ့လာဆန်းစစ်ပြီးနောက် နံနက်အိပ်ရာထချိန် ပုံမှန်မဟုတ်ခြင်းနှင့် ဝိတ်တက်လာခြင်းတို့သည် ပတ်သက်ဆက်နွယ်နေကြောင်း စစ်တမ်းများက ဆိုသည်။ အထူးသဖြင့် နံနက်အိပ်ရာထချိန်မမှန်သော အမျိုးသမီးများ၏ ခန္ဓာကိုယ်တွင် အဆီပိုများစုဝေးလာနိုင်သဖြင့် နာရီနှိုးစက်သုံး၍ အချိန်မှန်မှန် အိပ်ရာထသင့်သည်။

မှန်ကန်သော စားသောက်မှုပုံစံရှိရန်

ဝိတ်ချချင်လျှင် အစာအငတ်ခံရမည်မဟုတ်ဘဲ ဝိတ်တက်စေသည့်အစားအစာများကို ရှောင်ရမည်ဖြစ်သည်။ သို့သော် လူတချို့က နည်းလမ်းလွဲနေကြသဖြင့် ဘေးအန္တရာယ်ကင်းစွာ ဝိတ်ကျစေရန် မှန်ကန်သော စားသောက်ပုံနည်းလမ်းများကို အောက်ပါအတိုင်း အကြံပြုလိုသည်။

- ဝိတ်တက်စေသည့် အစားအစာများမှာ အချို့ရည်များ၊ ချိုသောမုန့်များ၊ နို့ဆီနှင့် သကြားပါဝင်သည့် အစားအသောက်များ၊ ဆီကြော်အစားအစာများ၊ မလိုင်ထောပတ်များ၊ အသင့်စားအမြန်စား Fast Food များ၊ ပြုပြင်ထားသည့် တာရှည်ခံအစားအစာများဖြစ်သည်။
- ဆန် သို့မဟုတ် ဂျုံတို့ဖြင့်ပြုလုပ်ထားသော မုန့်များ၊ ပြောင်းဖူး၊ အာလူး စသည်တို့သည် ကာဗိုဟိုက်ဒရိတ် (ကစီဓာတ်)ဖြစ်၍ ကယ်လိုရီအထိုက်အလျောက်များသဖြင့် လျှော့စားရမည်။
- ကြက်သား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များတွင် ကယ်လိုရီပါရှိမှုနည်းသဖြင့် ၎င်းတို့ကို ဦးစားပေးစားပါ။
- ကြက်ဥပြုတ်၊ ဝဥ်ကြာဆံတို့သည် ကယ်လိုရီနည်းပြီး ဗိုက်ပြည့်စေသဖြင့် နေ့စဉ်စားသုံးသင့်သည်။
- ငရုတ်သီးထဲတွင်ပါသော Capsaicin ဓာတ်ပေါင်းစုက ဇီဝဖြစ်စဉ်ကို တိုးပွားစေကာ ခန္ဓာကိုယ်တွင်း အဆီလောင်ကျွမ်းစေရန် လှုံ့ဆော်ပေးသည်။ ထို့ပြင် ပူပူစပ်စပ်အရသာရှိသော ဟင်းခတ်အမွှေးအကြိုင်များနှင့် နန်းမှုန့်တို့ကလည်း အဆီပိုများလောင်ကျွမ်းစေရန် ကူညီပံ့ပိုးပေးသည်။
- အစားအစာကို နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့သုံးကြိမ် စားနိုင်သည်။ ထိုသုံးကြိမ်ကလွဲလျှင် ကြားအချိန်များတွင် လက်ဖက်ရည်သောက်ခြင်း၊ ဖျော်ရည်သောက်ခြင်း၊ မုန့်စားခြင်း၊ အဆာပြေတစ်ခုခုစားခြင်း မပြုလုပ်သင့်ပေ။ ညနေ ၆ နာရီနောက်ပိုင်းရေမှလွဲ၍ ကျန်မည်သည့်အစားအစာကိုမျှ မစားသောက်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။
- ထမင်းမစားမီ နာရီဝက်ခန့်အလိုတွင် ရေတစ်ခွက် ကြိုတင်သောက်ထားလျှင် အစာများများစားချင်စိတ်ကို လျော့ကျစေသဖြင့် ဝိတ်ချရာတွင် အထောက်အကူဖြစ်စေသည်။
- အစာကို ဖြည်းဖြည်းချင်း ကြေညက်အောင်ဝါးစားခြင်းက ဦးနှောက်ဆီသို့ ဗိုက်ပြည့်ပြီဆိုသည့်အချက်ပြမှု အချိန်မီရောက်ရှိစေ၍ ပိုစားမိခြင်း မဖြစ်တော့ပေ။ အကယ်၍ အစာကို မြန်မြန်စားလျှင် သို့မဟုတ် တီဗွီကြည့်ရင်း၊ ဖုန်းကြည့်ရင်းစားလျှင် ဗိုက်ပြည့်ပြီဆိုသည့် အချက်ပြမှု ဦးနှောက်ဆီသို့ အချိန်မီမရောက်သည့်အတွက် ဗိုက်မပြည့်သေးဟု ထင်ကာ ပို၍စားမိတတ်သည်။
- အစာစားပြီးတိုင်း ၁၅ မိနစ်ခန့် လမ်းလျှောက်ခြင်း၊ လှေကားအတက်အဆင်းလုပ်ခြင်း၊ အိမ်မှုကိစ္စများ လှုပ်လှုပ်ရှားရှားလုပ်ခြင်းသည် ဝိတ်ကျစေရန် လွန်စွာအကျိုးပြုသည်။
- နေ့စဉ်ဘဝတွင် ရေများများသောက်ခြင်းကလည်း မလိုအပ်ဘဲ ဗိုက်ဆာခြင်းကို ထိန်းချုပ်ပေးကာ ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်ကန်အောင် တစ်ဖက်တစ်လမ်းမှ ကောင်းကျိုးပြုနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

ပျော်ဘွယ်မြို့နယ်၌ အိုင်အိုဒင်းဆားအရည်အသွေးပြည့်ဝစေရေးနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ပျော်ဘွယ် ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ အိုင်အိုဒင်းဆားအရည်အသွေးပြည့်ဝစေရေးနှင့် အသိပညာပေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဈေးများ၌ရောင်းချနေသော အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးခြင်း၊ အိုင်အိုဒင်းဆား၏အသုံးဝင်မှုအား အသိပညာပေးဆွေးနွေးခြင်းကို ဩဂုတ်လ ၂၉ ရက်က စည်ပင်သာယာဈေးနှင့် ရပ်ကွက်အတွင်း ရောင်းချနေသောဈေးဆိုင်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများပူးပေါင်း၍ ဈေးအတွင်းနှင့် ဈေးပြင်ပကုန်စုံဆိုင်များ၌ အိုင်အိုဒင်းဆားရောင်းချမှု ရှိ/မရှိ စစ်ဆေးခြင်း၊ အရည်အသွေးပြည့်ဝသောဆားများရောင်းချရေး စစ်ဆေးခြင်းနှင့် တစ်ဦးချင်းအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

အိုင်အိုဒင်းဓာတ်သည် ခန္ဓာကိုယ်ကြီးထွားစေခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးစေခြင်းတို့အတွက် အရေးပါသော သွေးဥရွက်ဟော်မုန်းထုတ်လုပ်ရာတွင် မရှိမဖြစ်အရေးပါသည့် ဓာတ်တစ်ခုဖြစ်ပြီး အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက ကိုယ်ဝန်ဆောင်မိခင်များတွင် သားပျက်၊ သားလျှောခြင်း၊ ကလေးအသေမွေးဖွားခြင်း၊ ကလေးများ ခန္ဓာကိုယ်ကြီးထွားမှုနှေးကွေးခြင်း၊ ဉာဏ်ရည်နိမ့်ခြင်း၊ အသက်အရွယ်မရွေး လည်ပင်းကြီးရောဂါ ခံစားရခြင်းနှင့် ထုံထိုင်းနေးကွေးခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

❐ ကျော်ဖုံးမှအဆက်

Jullniss အသင်းတို့ပွဲတွင် Jullniss အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်လည်း ကောင်း၊ အဆင့်(၈)နေရာမှ United City အသင်းနှင့် အဆင့်(၅)နေရာမှ Avengers Junior အသင်းတို့ပွဲတွင် United City အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်လည်း ကောင်း၊ အဆင့်(၄)နေရာမှ Mahar Burma အသင်းနှင့်အဆင့်(၁၁)နေရာမှ MarRein အသင်းတို့ပွဲတွင် Mahar Burma အသင်းက ၈ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့အတူ နေ့လယ်ပိုင်းတွင်ယှဉ်ပြိုင်သည့် အဆင့်(၆)နေရာမှ Pacific Sun Far အသင်းနှင့် အဆင့် (၃)နေရာမှ FFU Minmahaw အသင်းတို့ပွဲတွင် Pacific Sun Far အသင်းက ၄ ဂိုး ၁ ဂိုးဖြင့်လည်း ကောင်း၊ အဆင့်(၁၀)နေရာမှ Shwe Pyi Thar အသင်းနှင့် အဆင့်(၁၂)နေရာမှ Bushido အသင်းတို့ပွဲတွင် Bushido အသင်းက ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး အဆင့်(၂)နေရာမှ Victoria အသင်းနှင့် အဆင့်(၁)နေရာမှ SGF Youth အသင်းတို့ပွဲတွင် တစ်ဖက်လေးဂိုးစီဖြင့် သရေကျခဲ့သည်။ **ဝန်းရံခ**

● ဝိုက်ကျော်ခြင်းမှ

ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ပြည်ထောထုနယ်ဓမြေနေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (၄)ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ညဂုတ်လဉာရက်**(ယနေ့)**တွင်ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)(၄)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မြဝတီ**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး။

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ဓာတ်ရောင်ခြည်စက်ခန်းRC တစ်ထပ် အဆောက်အအုံတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

တောင်ကြီး ဩဂုတ် ၃၀

ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပေးနိုင်စေရန် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံတွင် ဓာတ်ရောင်ခြည်စက်ခန်း RC တစ်ထပ်အဆောက်အအုံတည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ထိုသို့ ဓာတ်ရောင်ခြည်စက်ခန်း ၉၅ ပေ ၅၂ပေ RC တစ်ထပ်ဆောင်အဆောက်အအုံတည်ဆောက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည်ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ စဝ်စံထွန်းဆေးရုံတိုးချဲ့ငါးထပ်ဆောင်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၈-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနာ	စစ်ကိုင်	တာချံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၇၁၀	၃၈၆၅	၃၈၀၅	၃၇၂၅	၃၈၆၅	၃၈၈၀	၃၉၁၅	၃၇၉၅	၄၁၆၀	၄၁၉၀	၃၈၀၅	၃၉၃၀	၃၉၀၅	၃၈၆၅	၃၈၀၅	၄၁၀၅
95 Ron	၃၈၀၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၂၉၅	၃၉၂၀	၄၀၅၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၀၀
HSD (500 ppm)	၄၂၄၀	၄၃၈၅	၄၃၄၀	၄၂၅၅	၄၃၉၀	၄၄၀၅	၄၄၃၅	၄၃၂၀	-	၄၅၀၀	၄၃၄၀	၄၈၅၀	၄၄၂၅	၄၃၈၅	၄၃၉၅	၄၆၀၅
HSD (50 ppm)	၅၁၄၀	၅၂၉၅	၅၂၄၅	၅၁၉၅	၅၂၉၅	၅၂၃၀	၅၂၄၅	၅၂၂၅	၅၅၉၀	၅၆၂၀	၅၂၄၅	၅၂၈၅	၅၂၃၅	၅၂၃၅	၅၂၀၅	၅၅၃၅
HSD (10 ppm)	၅၁၄၀	၅၂၉၅	၅၂၄၅	၅၁၉၅	၅၂၉၅	၅၂၃၀	၅၂၄၅	၅၂၂၅		၅၆၂၀	၅၂၄၅	၅၂၈၅	၅၂၃၅	၅၂၃၅	၅၂၀၅	၅၅၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၅၁၀	၃၆၁၄
95 Ron	၃၆၁၃	၃၇၁၉
HSD (500 ppm)	၄၀၃၇	၄၁၄၇
HSD (50 ppm)	၅၈၉၅	၅၀၂၃
HSD (10 ppm)	၅၈၉၅	၅၀၂၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမျိုးအမည်
၁	၃၂၆/မမ/CE	**တိုင်းအမှတ်(၃)၊ မန္တလေး** မိုးလုံလေလုံ အားကစားရုံတည်ဆောက်ခြင်း(160'x85'x34'), 50 KVA Transformer နှင့် မီးလိုင်းများသွယ်တန်းခြင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း (၅၀၀-ပေ)။ ကွန်ကရစ်လမ်းခင်းခြင်း (42500 Sft)နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း
၂	12(T)30/MR(ML/ISN)	စက်ခေါင်းအရန်ပစ္စည်း(၁၀၆)မျိုးဝယ်ယူရန်
၃	15(T)5/MR(E)	ရထားလမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံးစက်ကြိုးများအတွက် စက်အရန်ပစ္စည်း(၂၅)မျိုး၊ (2)Lot ဝယ်ယူရန်
၄	၃၂၇/မမ/CMO	ဆေးရုံသုံးစက်ကိရိယာတန်ဆာပလာ ပစ္စည်း(၈)မျိုး ဝယ်ယူရန်

တင်ဒါဝိတ်မည့်နေ့/အချိန် - (၁၄-၉-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃၁-၈-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-294352, 291994

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ ဖူလုံအ.ထ.က Grade-12 တွင် ပညာသင်ကြားနေသော အဘ ဦးဆန်းဦး ၈/ရစက(နိုင်)၀၀၀၇၁ ၏သား မောင်သီဟ၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ၆၀၇၅ အရ မောင်ရွှင်းမင်းဦးဖြစ်ပါကြောင်း။
မောင်ရွှင်းမင်းဦး

ပျောက်ဆုံးကြောင်း
မနုဝါဝါလှိုင်(ဘ)ဦးဝင်းမြင့်ဦး ၈/မကန(နိုင်)၃၂၀၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

ပျောက်ဆုံးကြောင်း
ဂျာရိန်အောင်(ဘ)ဦးလမိုင်လအောင် ၁/ကမန(နိုင်)၀၆၉၄၈၇ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MI 547766)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

ပျောက်ဆုံးကြောင်း
ချစ်လှိုင်(ဘ)ဦးမောင်ဖြူ ၁၂/အဂတ(နိုင်)၁၃၂၆၂ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 384686)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီးရေစကြိုမြို့၊ စိတ္တသုခအ.ထ.က Grade-6 တွင် ပညာသင်ကြားနေသော မကျော့ကျော့မှူး၏ဖခင် ဦးပွင့်လန်း၏ အမည်မှန်မှာ ၈/မမန(နိုင်)၀၇၂၅၈၁ အရ ဦးဇော်ဝင်းဖြစ်ပါကြောင်း။
ဦးဇော်ဝင်း

ပျောက်ဆုံးကြောင်း
ဦးမြင့်အောင်(ဘ)ဦးမောင်စန်း ၈/မတန(နိုင်)၀၅၅၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

ပျောက်ဆုံးကြောင်း
နိုင်သွယ်လှိုင်(ဘ)ဦးမောင်ထွန်းလှိုင် ၁၁/ကတန(နိုင်)၁၄၆၉၇၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

ပျောက်ဆုံးကြောင်း
ဦးဥမန်ဆိုင်း(ဘ)ဦးဆွမ်လွတ်ဂမ် ၁/မကန(နိုင်)၀၉၆၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 332012)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၈၈၃၃၄၀၂

ပညာဘဏ်တိုက်
စာကြည့်တိုက်

ဖခင်အမည်မှန်
ညောင်လေးပင်မြို့နယ်၊ အ.ထ.က အောင်းကြီး၊ Grade-11 မှ မောင်အောင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ စောကျားကြီး ၃/မဝတ(နိုင်)၀၉၃၉၆၁ ဖြစ်ပါကြောင်း။
စောကျားကြီး

ပျောက်ဆုံးကြောင်း
ကလေးမြို့၊ထောက်ကြန့်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာနေ လျင်ဆန်း(ဘ)ဦးထန်ကဲဝ် ၅/ကလထ(နိုင်)၁၆၁၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၇၈၀၅၃၃၇**


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့ကိုမက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
ငန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
NAN MYAING
MOUNT PLEASANT
2 plus 1
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅၂၀၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
Alcohol Free
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၅၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD MEDAL A.I.B.A
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် SGF YOUTH အသင်း ထိပ်ဆုံးမှဆက်လက်ဦးဆောင်

ရန်ကုန် ဩဂုတ် ၃၀

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF U 16 Youth Futsal League 2026 ပွဲစဉ်(၁၁)ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ကျင်းပရာ SGF YOUTH အသင်း ရှုံးပွဲမရှိစံချိန်ဖြင့် ထိပ်ဆုံးမှဆက်လက်ဦးဆောင်လျက်ရှိသည်။

ယနေ့ယှဉ်ပြိုင်မှုတွင် ပွဲစဉ်ခြောက်ပွဲပါဝင်ပြီး နံနက်ပိုင်းပြိုင်ပွဲ အဆင့်(၇)နေရာမှ TKA Stars အသင်းနှင့် အဆင့်(၉)နေရာမှ **စာမျက်နှာ ၃၀ ကော်လံ ၁ ❐**



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (၄)ယောက်တွဲ အဖွဲ့လိုက် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

အားကစားရေးရာဝန်ကြီးဌာနအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပလျက်ရှိရာ ယနေ့တွင်ပိုက်ကျော်ခြင်း အမျိုးသား/အမျိုးသမီး (၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား(၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက **စာမျက်နှာ ၃၀ ကော်လံ ၁ ●**



နိုင်ငံတကာသတင်း

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သဘာဝဘေးများပိုမိုဖြစ်ပေါ်လာနိုင်

စာ - ၂၃ သို့

ချန်ပီယံရှမ်းယူနိုက်တက်အသင်းနှင့် တန်းတက်ရန်ကုန်စီးတီးအသင်းတို့ အပြန်အလှန်သွင်းဂိုးများဖြင့် တစ်ဖက်နှစ်ဂိုးစီသရေကျ

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်ကကြီးမှူးကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ M League ပထမအကျော့ပွဲစဉ်(၁)၏ နောက်ဆုံးနေ့ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ချန်ပီယံရှမ်းယူနိုက်တက်အသင်းနှင့် တန်းတက်ရန်ကုန်စီးတီးအသင်းတို့ယနေ့ည နေပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အပြန်အလှန်သွင်းဂိုးများဖြင့် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သည်။


ပွဲစဉ်(၁)တွင် ပရိသတ်စိတ်ဝင်စားသည့် အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်ပြီး ပြိုင်ဆိုင်မှု **စာမျက်နှာ ၁၂ ကော်လံ ၁ ➲**



လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြိုးနိုင်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် - ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာလ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ **စာမျက်နှာ ၁၂ ကော်လံ ၅ ▲**



မှတ်သားဖွယ်ရာမိုးရေချိန်များ

၃၀-၈-၂၀၂၆

သထုံ	၅	ဒသမ	၁၆	လက်မ
မြစ်ကြီးနား	၃	ဒသမ	၉၄	လက်မ
မြိတ်	၂	ဒသမ	၈၇	လက်မ
ကော့ကရိတ်	၂	ဒသမ	၇၂	လက်မ
ကျောက်ဖြူ	၂	ဒသမ	၅၈	လက်မ
ရေး	၂	ဒသမ	၅၅	လက်မ
စစ်တွေ	၂	ဒသမ	၅၅	လက်မ

သံလွင်မြစ်ရေနှုန်းစစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁ ပေ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ ➤**